အချစ်ဆုံးစာပေ

# သားရွေးရမယ့် လက်တွဲဖော်



ဖြိုးသာရ

(စီစဉ်သူ)

ချမ်းမြေ့သူ (မန္တလေးဆေးတက္ကသိုလ်)

အဖြစ်နိုင်ဆုံးအလုပ်ကို
အတတ်နိုင်ဆုံးလုပ်မည်
အကောင်းဆုံးဖြစ်ရမည်

အချစ်ဆုံးစာပေ

တိုက်အမှတ် ၊အ-၇၊ ၆၉ လမ်း၊
၃၅/၃၆ ကြား၊ မဟာမြိုင်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် – ၈၃၆/၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၇၅၄/၂၀၀၃ (၉)

□

**ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊**

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ

□

အုပ်ရေ – ၁၀၀၀

□

**မျက်နှာဖုံးဒီဇိုင်း**

အော်ပီကျယ်

□

**ကွန်ပျူတာ**

အောင်ဥက္ကလာ

□

**အတွင်းဖလင်**

ပုံရိပ်ရှင်

□

**ထုတ်ဝေသူ**

ဖြိုးသာရ (၈၁၈)၊ အချစ်ဆုံးစာပေ

တိုက်အမှတ် အေ–၇၊ ၆၉ လမ်း၊

၃၅/၃၆ ကြား၊ မဟာမြိုင်၊

မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

□

**မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်**

ဦးထွန်းထွန်းဦး၊ အင်ကြင်ဦးပုံနှိပ်တိုက်၊

အမှတ် (၁၅)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။

တန်ဖိုး–၅၀၀ ကျပ်

ချစ်သော

------------

------------

အရွယ်ရောက်လာပြီဖြစ်တဲ့

သားအတွက်

ဘယ်လိုမိန်းကလေးမျိုးကို

ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ်

ရွေးချယ်သင့်သလဲ

ဘယ်လိုရွေးချယ်ရမလဲ

သား စဉ်းစားချင့်ချိန်

သုံးသပ်ဆုံးဖြတ်နိုင်စေဖို့ ဒီစာအုပ်ကလေးကို

လက်ဆောင်ပေးလိုက်ချင်ပါတယ်။

ချစ်သော

------------

------------

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေးဦးတည်ချက် ၄ ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး

ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် ၄ ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် ၄ ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သားရွေးရမယ့်
# လက်တွဲဖော်

ဖြိုးသာရ

အချစ်ဆုံးစာပေ

"သား အေးချမ်းမိုးအတွက်"

သားရေ...

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မေမေ့ရင်ခွင်က ခွဲခွာပြီး ဘဝတစ်ခုကို တည်ဆောက်မယ့် သားအတွက် အရေးအကြီးဆုံး အကြောင်းတစ်ရပ်ကို မေမေ မေ့ထားလို့ မဖြစ်ဘူးသား။

အဲဒါကတော့ သားအတွက် ဘဝတစ်သက်တာ လက်တွဲဖော် ရွေးချယ်နည်းပေါ့။ တစ်ဘဝစာအတွက် ရည်ရွယ် ရွေးချယ်ရမယ့် လက်တွဲဖော်ဆိုမှတော့ ပေါ့ပေါ့ကလေး လွယ်လွယ်ကလေး တွေးတောဆုံးဖြတ်လို့ မဖြစ်ဘူးသားရေ။

ကိုယ့်ဘဝ
ကိုယ့်စရိုက်
ကိုယ့်အလေ့အထ
ကိုယ့်အရည်အချင်း
ကိုယ့်အသိုင်းအဝိုင်း
ကိုယ့်ပတ်ဝန်းကျင်
ကိုယ့်ယုံကြည်မှု

ကိုယ့်ခံယူချက်တွေနဲ့ သဟဇာတဖြစ်နိုင်မယ့် မိန်းကလေး မျိုးကို သားရွေးချယ်ရမှာ။

အချစ်တစ်ခုတည်းနဲ့ ဆုံးဖြတ်လို့လည်း မရဘူး။

အကြိုက်တစ်မျိုးတည်းနဲ့ လက်တွဲလို့လည်း မဖြစ်ဘူး။

ဒါကြောင့် မေမေ သားအတွက် မေးခွန်းလေးတွေ လက်ဆောင်ပေးလိုက်တယ်။ အဲဒီမေးခွန်းတွေကို သက်ဆိုင်သူ မိန်းကလေးဆီမှာ သားကိုယ်တိုင် အဖြေရှာကြည့်ပါ။ အဲဒီ အဖြေဟာ သူကပေးတဲ့အဖြေ မဖြစ်ပါစေနဲ့။

ဒါပေမယ့် သားရေ

အဖြေတိုင်းဟာ အပေါင်းလက္ခဏာ မဖြစ်နိုင်မှာတော့ သေချာတယ်။

ဒီတော့ သားရဲ့ စိတ်ဓာတ်နဲ့ ကိုက်ညီစဉ်းစားရလိမ့်မယ်။

အတိုင်းအတာတစ်ခုအထိ ညှိယူလို့ရနိုင်မှသာ ယတိပြတ် ဆုံးဖြတ်ပါသား။ အချိန်ယူပါ။

လောမကြီးပါနဲ့။

လောဘမကြီးပါနဲ့။

ကိုယ်ကိုယ်တိုင်တောင်မှ ကိုယ်ဖြစ်ချင်တာ ဖြစ်လို့မရရင် သူတစ်ဦးကိုလည်း ကိုယ်ဖြစ်ချင်သလို ဖြစ်ဖို့ မမျှော်လင့်ပါနဲ့။

မေမေကတော့ သားရွေးလာမယ့် လက်တွဲဖော်ဟာ သားအတွက် အကောင်းဆုံးအဖော် ဖြစ်စေချင်ပါတယ်။

ဒီတော့

မေးခွန်းတွေကို လေ့လာပေတော့ သားရေ။

ချစ်သော

မေမေ

# ပညာတတ်ရဲ့လား ?

အချစ်ဆုံးစာပေ

အရေးအကြီးဆုံးမေးခွန်းဖြစ်တယ်သား၊ အဖြေကလည်း အပေါင်းလက္ခဏာပဲ ဖြစ်ရလိမ့်မယ်။

ဒီနေ့ ဒီခေတ် ဒီအချိန်အခါမှာ ပညာဟာ အဓိကဖြစ်တယ်။ စိန်ခေါ်နေတဲ့ ကမ္ဘာကြီးကို ရင်ဆိုင်ဖို့ လူငယ်တိုင်းမှာ ပညာလိုတယ်။ နေရာတွေအများကြီးရှိတဲ့ လောကမှာ နေရာတစ်ခုကို ရထားဖို့လည်း လိုတယ်။

မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် ပညာရပ်တစ်ခုခုကို တတ်ကျွမ်းထားမှသာ လူရာဝင်မယ်။

ဒါကြောင့် သားရဲ့လက်တွဲဖော်ဟာ လူတွေကြားမှာ ဝင်ဆံ့တဲ့ နေရာရထားပြီးသူ ဖြစ်ဖို့လိုတယ်။

ကိုယ့်ကိုယ်ကို ပုံမဖော်တတ်တဲ့ ခပ်ညံ့ညံ့ မိန်းကလေးမျိုး မဖြစ်စေသင့်ဘူး။ အဲဒီလို လူတောမတိုးရဲတဲ့ မိန်းကလေးမျိုးနဲ့လည်း သားတစ်သက်လုံး လက်တွဲဖို့ ဖြစ်နိုင်မှာ မဟုတ်ဘူး။

ဒီတော့ သားအနေနဲ့ ကိုယ့်ဘဝတစ်သက်တာအတွက် ရည်ရွယ်ရွေးချယ်မယ့် မိန်းကလေးဟာ ပညာတတ်ရဲ့လား ဆိုတာ သေသေချာချာ လေ့လာပါ။

ပညာဆိုတဲ့နေရာမှာလည်း အသိပညာ၊ အတတ်ပညာ၊ ဉာဏ်ပညာ သုံးရပ်စလုံး နားလည်တတ်ကျွမ်းသူဖြစ်ဖို့လိုတယ်။ အသိရှိရမယ်၊ အတတ်ရှိရမယ်၊ ဉာဏ်ရှိရမယ်လို့ ဆိုလိုတာပေါ့။

ဒါပေမယ့် သားရေ ထူးချွန်ထက်မြက်သူဖြစ်ဖို့အထိတော့ မမျှော်လင့်စေချင်ဘူး။ ပညာတွေ သိပ်တော်ပြီး အောင်မြင်ထွန်းတောက်လွန်းတဲ့ မိန်းကလေးတစ်ယောက်ကို လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့ရင်တော့ ကိုယ့်ဘက်က အလျှော့ပေးနိုင်ရလိမ့်မယ်။

ယောကျ်ားမာနဆိုတာ ရှိတယ်မဟုတ်လား သားရေ။ ပညာတတ် မိန်းကလေးမာနကလည်း သိပ်ကြီးတယ်။ မာနချင်းထိပ်တိုက်တွေ့ရင်တော့ တွဲတဲ့ လက်တွေ မမြဲနိုင်ဘူးနော်။ ကိုယ်က သည်းခံခွင့်လွှတ် နားလည်ပေးနိုင်မှ ဖြစ်မယ်။ သား သေသေချာချာ စဉ်းစားဆုံးဖြတ်ပါ။

လက်တွဲဖော် ရွေးချယ်ကြတယ်ဆိုတာ တစ်နည်းအားဖြင့် သူ့ဘဝနဲ့ ကိုယ့်ဘဝကို ယှဉ်တွဲလိုက်ခြင်းဖြစ်တယ်။ ဘဝချင်း

အလှမ်းမဝေးသင့်သလို ပညာချင်းလည်း အလှမ်းမကွာသင့်တာ အမှန်ပဲ။

ဒါကြောင့် သားရဲ့ ပညာအရည်အချင်းနဲ့ ကိုက်ညီတိုက်ဆိုင်ပါ။ သားဘဝ သားနေရာနဲ့ ယှဉ်တွဲကြည့်ပါ။

ဆုံးဖြတ်ချက် မစောပါနဲ့သား။

❒

# ရှိသေးတတ်ရဲ့လား ?

သားရွေးရမယ့် မိန်းကလေးဟာ ရိုသေတတ်သူဖြစ်ရဲ့လား သားရေ။ ဒီအချက်ကိုလည်း သားဆန်းစစ်လေ့လာဖို့ မမေ့လေနဲ့။ ဘာဖြစ်လို့လည်းဆိုတော့ ပညာတတ်မိန်းကလေးတွေဟာ မာန်မာနရှိတတ်ကြတာမို့ပါ။ ပညာသိပ်တော်လေလေ ကိုယ့်ကိုယ်ကို ဂုဏ်ယူဝင့်ကြွားမှု ပိုလေလေပေါ့။

သူတို့လေးတွေမှာ အားနည်းချက်ရှိတတ်တယ်သား။ အဲဒါကတော့ ကိုယ့်ထက် ပညာရည်နိမ့်ကျသူအပေါ် အထင်သေးတတ်ခြင်းပေါ့။

ကိုယ့်ထက်ကြီးသူဖြစ်စေ၊ ငယ်သူဖြစ်စေ ပညာနည်းသူဆိုရင် နှိမ့်ချချင်တတ်ကြတယ်။ သား နားရှင်းအောင် ပြောရရင် ပါဝါပြချင်တဲ့ သဘောပေါ့၊ ဆရာလုပ်ချင်တဲ့ သဘောပေါ့။

အချစ်ဆုံးစာပေ

ဘယ်လောက်အသက်ကြီးကြီး လေးစားရကောင်းမှန်း မသိ၊ ဘယ်လောက် အသက်ငယ်ငယ် နားလည်မပေးတတ်၊ လက်မ ထောင်၊ လက်ညှိုးထိုးတတ်ကြတယ် သားရေ။ သားရဲ့ လက်တွဲဖော်ဟာ အဲသလို မိန်းကလေးမျိုး မဖြစ်ဖို့လိုတယ်။ ဆင်ခြင်သိရှိတဲ့ စာနာတတ်တဲ့ မိန်းကလေးမျိုး ဖြစ်ဖို့လိုတယ် သား။

ဒါကြောင့် ရိုသေတတ်ရဲ့လားဆိုတဲ့ မေးခွန်းနဲ့ သား စမ်းသပ်ကြည့်ပါ။ ရိုသေတတ်တယ်ဆိုတာ အလကားနေရင်း လူတွေပြောသမျှ ဟုတ်ကဲ့ရှင့်လို့ ခေါင်းညိတ်နာခံတတ်ဖို့ ပြောတာ မဟုတ်ဘူးနော်။

ကိုယ်လက်မခံနိုင်တဲ့ စကားကို ရိုရိုသေသေနဲ့ 'မဟုတ်သေး ဘူးထင်တယ်၊ သမီးနားလည်ထားတာကဒီလို'စသဖြင့် စောဒက တက်တတ်ရမယ်။ ဖွတ်အတင်း ငြင်းခုန်နေရမှာ မဟုတ်ဘူး။ ဒါလည်းအတော်ကလေး တည်ငြိမ်ရင့်ကျက်တဲ့ မိန်းကလေးမျိုးမှာမှတွေ့နိုင်တဲ့ အရည်အချင်းပါ။ သားမှာလည်း ရှိဖို့လိုသလို သားရဲ့ လက်တွဲဖော်မှာလည်း ရှိသင့်တယ်။ ရှိဖို့ လိုပါတယ်။

အထူးသဖြင့် သားကို သူရိုသေတတ်ရလိမ့်မယ်။ သားကို ရိုသေမှ သားရဲ့ ဖေဖေ၊ မေမေ၊ မမတို့ကို သူရိုသေမှာပေါ့သား။ တစ်ချို့မိန်းကလေးတွေဟာ သူတို့ရဲ့ လက်တွဲဖော် ယောကျ်ား လေးကို လူရှေ့ သူရှေ့မှာ နိုင်ကြောင်းပြတဲ့သဘောနဲ့ အနိုင်ယူပြတတ်ကြတယ်။ မလေးမစား ပြောတတ်ကြတယ်။

အကျင့်မဖြစ်စေနဲ့ သားရေ။ အကျင့်ဖြစ်ရင် တစ်သက်လုံး ပြင်ဖို့ ခက်သွားလိမ့်မယ်။

မေမေကတော့ သားအပေါ် ရှိသေလေးစားမယ့် မိန်းကလေးမျိုးကိုပဲ သားရွေးသင့်တယ်လို့ ပြောချင်တယ်။ အဲဒီလိုဖြစ်ဖို့အတွက် သားကလည်း ရှိသေအောင် နေတတ်ဖို့လိုတယ်။ ရှိသေထိုက်သူဘဝကို တည်ဆောက်ထားဖို့လိုတယ်။ သားနားလည်ရဲ့လား။

❒

# ချမ်းသာလား ? ဆင်းရဲလား ?

သိပ်အရေးကြီးတဲ့မေးခွန်းတော့ မဟုတ်ပါဘူးသား။ ဒါပေမယ့် အဖြေသိဖို့လိုတယ်။ သိတဲ့အခါ သားဘက်က ကြိုတင် ပြင်ဆင်လေ့ကျင့်ထားဖို့ လိုတယ်။

ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ဘဝပေးအခြေအနေပေါ်မှာ မူတည်တယ်လို့ သားငယ်ငယ်က မေမေ မကြာခဏ ပြောခဲ့ဖူးတယ်။ ဒါဘာကြောင့်လဲဆိုရင် ကိုယ့်ဘဝ ကိုယ်နားလည်တတ်ဖို့လိုတဲ့ အချိန်ကိုး။ကိုယ့်ကိုယ်ကို တည်ဆောက်ဖို့ တွန်းအားပေးတဲ့သဘောပဲသား။

လက်တွဲဖော် ရွေးရမယ့် အချိန်မှာတော့ ဒီစကားကို မေမေ ပြောင်းရတော့မယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီအချိန်မှာ သားအရွယ်ရောက်နေပြီလေ။ ဘဝရဲ့ လက်တွဲဖော်မရှိသေးတာကလွဲပြီး သားမှာ နေရာ တစ်နေရာရှိနေပြီ၊ ပညာတစ်ခု

ရှိနေပြီ၊ သားမှာ ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်ဝင်ငွေ၊ ကိုယ်ပိုင် အလုပ်ဆိုတာ ရှိနေပြီ။ ဒီတော့ သားချမ်းသာလာနိုင်မလား၊ ဆင်းရဲသွားနိုင်မလား၊ တိုးတက်နိုင်မလား၊ ရပ်တန့်နေမလား၊ ဆိုးယုတ်သွားမလားဆိုတာ သားကိုယ်သား သိနိုင်နေပြီ။

မေမေကတော့ သားကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေး နေမှာပဲ။ လိုအပ်တဲ့အချိန် လိုအပ်သလို ပံ့ပိုးကူညီပေးနေမှာပဲ၊ ပြုပြင်သင့်တာ ပြုပြင်ပေးမှာပဲ၊ လမ်းညွှန်နိုင်တာ လမ်းညွှန်ပေး မှာပဲ။ သားက မေတ္တာရှိလို့ ရွေးချယ်လာမယ့် လက်တွဲဖော် ကိုလည်း မေမေ မေတ္တာရှိအောင် ကြိုးစားမှာပဲ။ သားကလည်း မေမေ မေတ္တာရှိနိုင်မယ့် မိန်းကလေးမျိုးကို ရွေးတတ်ဖို့ လိုတယ်နော်။

သူက ချမ်းသာသလား၊ ဘယ်လိုချမ်းသာတာလဲ၊ မိဘ မျိုးရိုးလား၊ မိဘရဲ့ ဂုဏ်သိက္ခာကြောင့်လား၊ ဘာပဲဖြစ်ဖြစ် ချမ်းသာတဲ့ မိန်းကလေးတွေဟာ ပြည့်စုံတတ်တယ်နော်၊ အဲဒီ ပြည့်စုံမှုကို သူအတိုင်းအတာတစ်ခုအထိ စွန့်လွှတ်ပြီး သားကို ချစ်နိုင်ရဲ့လား။ ဒါမှမဟုတ် သားရဲ့ဘဝကို သူ့မိဘ အရိပ်အောက်မှာ ဆက်လက်တည်ဆောက်သွားနိုင်မယ်လို့ သားကိုယ်သား ယုံကြည်ပြီလား။ စဉ်းစားပါ သားရေ၊ လွယ်လွယ် မတွေးပါနဲ့။

သူက ဆင်းရဲသလား။ သူ့မိဘမျိုးရိုးနဲ့ လူမှုအဆင့်အတန်း က ဘယ်လိုလဲ။ သူကိုယ်တိုင်ကရော မပြည့်စုံတဲ့ မိသားစုကို စွန့်လွှတ်ပြီး သားဘဝထဲကို ဝင်လာရဲရဲ့လား။ သားကို

အားကိုးချင်တာလား။ မိသားစုတာဝန်ကိုပါ သားက ဝိုင်းကူထမ်းပေးရမှာလား။ သားကရော မိန်းကလေးရဲ့ ဘဝကို ကယ်တင်ကူညီမှာလား။ ဆွဲခေါ်ထုတ်လာမှာလား။ ဆရာကြီးမလုပ်နဲ့ သားရေ၊ သေသေချာချာ သုံးသပ်ပြီးမှ ဆုံးဖြတ်ပါ။

မေမေကတော့ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ သားရဲ့ လက်တွဲဖော်ဟာ သူ့ရဲ့ မိသားစုဘဝကို စွန့်လွှတ်ခဲ့နိုင်ပြီး နှစ်ယောက်ဘဝ တည်ဆောက်နိုင်သူဖြစ်ရင် အကောင်းဆုံးလို့ မြင်တယ်သား။

❒

အချစ်ဆုံးစာပေ

# ကြင်နာတတ်ရဲ့လား ?

အချစ်ဆုံးစာပေ

•

အရေးပါတဲ့ မေးခွန်းတစ်ခုပေါ့သား၊ သားရွေးချယ်ရမယ့် မိန်းကလေးဟာ ဆင်းရဲချမ်းသာဆိုတာထက် အကြင်နာတရား ရှိသူဖြစ်ဖို့လိုတယ်။ အကြင်နာ ခေါင်းပါး ကင်းမဲ့သူ မဖြစ်ဖို့ လိုတယ်။

အကြင်နာကို လူသားတိုင်း လိုလားတတ်ကြစမြဲပဲသား။ ဒါပေမယ့် လူတိုင်းမပေးတတ်ကြဘူး။ အကြင်နာကို တာဝန် ဝတ္တရားနဲ့ ဖုံးလွှမ်းထားသူတွေ လောကမှာ အများကြီးရှိတယ်။ တာဝန်သိရမယ်၊ ဝတ္တရားကျေရမယ်ဆိုတာ မှန်ပေမယ့် အကြင်နာမပါရင်တော့ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက် ဖြစ်ကရောပေါ့၊ လေးလေးနက်နက်မရှိတဲ့ သဘောပဲ သားရေ။

ဒါကြောင့် အကြင်နာကိုတော့ ပါလာခဲ့ပါစေ။ အထူး သဖြင့် မိခင်ဆီက အကြင်နာ အယုယကို ငယ်စဉ်ဘဝ

ကတည်းက ခံစားရယူလာခဲ့တဲ့ သားတွေအတွက် မိခင်ရဲ့ ကိုယ်စား လက်တွဲဖော်ဆီက ကြင်နာယုယမှုကို ရရှိခံယူနိုင်ဖို့ သိပ်လိုအပ်တယ်။ တည်မြဲတဲ့ လက်တွဲမှုကို ရနိုင်ဖို့ အကြင်နာ နှောင်ကြိုးပါလာမှ ဖြစ်မယ်။

အကြင်နာဆိုတာ မေတ္တာကဆင်းသက်လာတာပဲသား။ အဲဒီမှာ စေတနာဆိုတာလည်း တစ်ပါတည်းပူးပေါင်း စီးဆင်း လာတယ်။ ဒါမှလည်း အေးမြတဲ့ ခံစားမှုကို ရရှိနိုင်မယ်။

ဒီတော့ သားရဲ့မိန်းကလေးဟာ သားအပေါ် စစ်မှန်သော မေတ္တာရှိဖို့လိုတယ်။ စစ်မှန်သောမေတ္တာဆိုတာ ဘာနဲ့မှ မရောနှောဘူးသား။ အဖြူရောင်သက်သက်ပဲ။ သူဟာ သားအပေါ် အကြောင်းပြချက်မရှိဘဲ မေတ္တာရှိသူဖြစ်ရမယ်။

အားကိုးအားထားချင်တာ၊ လေးစားအထင်ကြီးတာတွေဟာ မေတ္တာစစ်မဟုတ်ဘူး။ ဒါကို သားက ဆန်းစစ်တတ်ဖို့လိုတယ်။

ဒါပေမယ့်သားရေ၊ ကိုယ့်အပေါ် ကြင်နာပြရုံနဲ့တင် မပြီး သေးဘူး။ သားရဲ့ မိန်းကလေးဟာ လူတိုင်းအပေါ် ကြင်နာ တတ်သူဖြစ်ဖို့ လိုတယ်။ မောက်မာတတ်သူ၊ မာန်မာနကြီးသူ၊ စရိုက်ကြမ်းသူတွေမှာ အကြင်နာတရားဆိုတာ မရှိနိုင်ဘူးနော်။ သား သေသေချာချာ လေ့လာဦး။ မိန်းကလေးတွေက ဟန်ဆောင်ကောင်းတယ်သား။ သူတို့မှာ လျှို့ဝှက်ဆန်းကျယ် တဲ့ လက်နက်တွေ ရှိတယ်။ သားသတိထားတတ်ရလိမ့်မယ်။

နောက်တစ်ချက်က သူဟာ မိခင်စိတ်ရှိသူလည်းဖြစ်ဖို့ လိုသေးတယ်။ မိခင်စိတ်ရှိမရှိ သားဘယ်လို စစ်ဆေးကြည့်

နိုင်သလဲဆိုရင် သူနဲ့ သူ့မိခင်ရဲ့ ဆက်ဆံရေးကို သား အကဲခတ်ရမယ်။ မိခင်ကို ရိုသေလေးစားတတ်သလို မိခင်ကို နားလည်တတ်သူ ဖြစ်ရမယ်သားရေ။ မိခင်ကို ကွယ်ရာမှာ မကျေမနပ် ပြောတတ်သူ မဖြစ်ရဘူး။

မိခင်စကား နားထောင်တတ်သူဖြစ်မှာကို သားမကြောက်ပါနဲ့။ ဘယ်မိခင်ကမှ ကိုယ့်သားသမီးကို စိတ်ဆင်းရဲအောင် မလုပ်တတ်ကြသလို သားကသာ မိန်းကလေးရှင် လက်ခံခွင့်ပြုနိုင်တဲ့ အရည်အချင်းမျိုး ရှိပါစေ။ သားတို့ လက်တွဲဖြစ်ကြပါလိမ့်မယ်”

❐

အချစ်ဆုံးစာပေ

# ဝင်ငွေရှိပြီလား ?

အချစ်ဆုံးစာပေ

လက်တွဲဖော်ရွေးကြပြီဆိုတဲ့ အချိန်ဟာ ဘဝတစ်ခုကို ပီပီပြင်ပြင် တည်ဆောက်ပြီးချိန်ဖြစ်ရမယ်နော်သား။ ခိုင်မာချင်မှတော့ ခိုင်မာဦးမယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဘာလဲဆိုတာ သိပြီးချိန် ဖြစ်ရလိမ့်မယ်။ သားဘာလဲဆိုတာ သားသိနေရမယ်။ အဲဒီလိုပဲ သားရဲ့လက်တွဲဖော် ဘာလဲဆိုတာလဲ သားသိရမယ်။

သူ့မှာ ဝင်ငွေရှိနေပြီလားသား။ အဲဒီဝင်ငွေဟာ နည်းသည် များသည်ဖြစ်စေပေါ့။ မေမေကတော့ ဝင်ငွေရှိနေသင့်ပြီလို့ ဆိုချင်တယ်။ ပြီးတော့ အဲဒီဝင်ငွေကို သူဘယ်လိုအသုံးချသလဲ ဆိုတာ သားသိစေချင်တယ်။

ငွေတော့ဝင်ပါရဲ့။ ဝင်ငွေ ထွက်ငွေမမျှဘဲ မိဘဆီက လက်ဖြန့်နေတုန်းပဲလား၊ ဒါလည်းအပြစ်တော့ မဟုတ်ပါဘူး။

မလောက်ငရင်တော့ တောင်းရမှာပေါ့။ ဒါပေမယ့် အတိုင်းအတာလေး ရှိနေသင့်တာပါ။ မိဘဆီကရနေတာပဲဆိုပြီး ကိုယ့်ဝင်ငွေကို တန်ဖိုးမထား သုံးဖြုန်းပစ်သူမဟုတ်ဖို့သာ လိုပါတယ်။

ဒါမှမဟုတ် ဝင်ငွေကို သိတတ်စွာ မိဘအပ်သူလေးလား။ လိမ္မာတဲ့ သမီးလေးပေါ့နော်။ နေဦးသားရေ။ သားသိရမှာက အဲဒီဝင်ငွေအပေါ် သူ့မိသားစုက မှီခိုနေကြရသလားဆိုတဲ့ မေးခွန်း။ ဒါအရေးကြီးတယ် သား။

သူက သားဘဝထဲ ဝင်လာမှာ။ ဘဝနှစ်ခုကို ပူးပေါင်းလက်တွဲပြီး ဘဝတစ်ခု ဖန်တီးကြရမှာ။ သူ့ဘက်ကိုယ့်ဘက် တတ်နိုင်သလောက် ထောက်ပံ့ကြရတာမျိုးပဲ ဖြစ်သင့်တယ်။ လုံးဝတာဝန်ယူရတာမျိုးဆိုရင် တစ်ဖက်ဖက်က နားလည်ခွင့်လွှတ်ပေးနိုင်ရမှာနော်။ သားမှာ အဲဒီစိတ်မျိုးရှိနိုင်ရဲ့လား။

မေမေကတော့ ရှင်းတယ်။ သားတွေ သမီးတွေကို ကိုယ်ကပဲ မြေတောင်မြှောက်ပေးမယ်။ ကိုယ်ကပဲ ထုဆစ်တည်ဆောက်ပေးမယ်။ ကိုယ်ကပဲ ပြုစုပျိုးထောင်ပေးမယ်။ ဒီအပေါ်မှာ ခူးဆွတ်နားခိ စားသုံးဖို့ လုံးလုံး မမျှော်လင့်ဘူး။ တတ်နိုင်ရင် ကိုယ်ကပဲ လိုအပ်တာတွေ ဆက်ဖြည့်သွားပေးနေချင်တယ်။

ဒါကြောင့် မေမေ့အတွက် သားမပူပင်နဲ့။ သားရဲ့ လက်တွဲဖော်ကိုပဲ သားလေ့လာပါ။ ပြီးတော့ သားကိုယ်သား ဆန်းစစ်ပါ။

လက်တွဲဖော်ရွေးကြတယ်ဆိုတိုင်းလည်း အမြဲချိန်ခွင်လျှာ အလယ်မှာ ရှိနေတတ်တာ မဟုတ်ဘူးလေ။ သာတယ် နာတယ် တွက်တတ်ရင်တော့ စောစောစီးစီး သားနောက်ဆုတ် သင့်တယ်။ အဲဒီလို အိမ်ထောင်ရေးမျိုးတွေကို မေမေလဲ အင်မတန်မုန်းတယ်သား။ များသောအားဖြင့် အိမ်ထောင်ပြိုကွဲ ကြတယ်ဆိုတာ အဲဒီနှစ်ဖက်အနှောင်အဖွဲ့တွေကြောင့် ဖြစ်ရတာ။ အရေးကြီးတာကတော့ နားလည်ပေးတတ်မှုပေါ့။ သားတို့ချင်းအပြန်အလှန် နားလည်မှုရှိကြဖို့ အဓိကပဲ။ ဒါဟာ ပြောတော့သာလွယ်တာ၊ လက်တွေ့တော့ သိပ်ခက်တယ်။

သားတွေဆိုတာကလည်း အမေကို သိပ်ချစ်ကြ တာလေ။ အမေချင်း အယှဉ်ခံကြမှာ မဟုတ်ဘူး။ မေမေတော့ ရင်လေးတယ်သား။ ဒါကြောင့် သားရဲ့ မိန်းကလေးဟာ သူ့မိသားစုရဲ့ လွှမ်းမိုးမှု (သို့မဟုတ်) အားကိုးမှုမရှိတဲ့ မိန်းကလေးမျိုး ဖြစ်သင့်တယ်လို့ မေမေထင်တယ်။

❐

ကတိတည်ရဲ့လား ?

ဒီမေးခွန်းက အဖြေရဖို့လွယ်ပါတယ်။ ဒါပေမယ့် အဖြေမှန်ဖို့ ခက်တယ်သားရေ။ ဘာဖြစ်လို့လဲဆိုတော့ အချိန်တိုင်းမှာ အဖြေမတူတတ်လို့ပဲ။ အခြေအနေနဲ့ အချိန်အခါအရ ဘယ်လိုမှ မတည်နိုင်တဲ့ ကတိတွေ လောကမှာ အများကြီး ရှိလေရဲ့။

ကတိတွေ အထပ်ထပ်နဲ့ ယုံကြည်အပ်နှံထားခဲ့ပေမယ့် ကံတရားရဲ့ လှည့်ကွက်မှာ ပျက်ပြယ်ရတာတွေရှိတယ်။ လွဲချော်မှုဆိုတာ နေရာတိုင်းမှာရှိတယ်သား။

ဒီအချိန်မှာတော့ ကတိပေးမလွယ်စေနဲ့။ ကတိတည်အောင်ကြိုးစားဆိုတဲ့ သမားရိုးကျစကားတွေနဲ့ သားကို ဆုံးမနေစရာ မလိုတော့ဘူး။ လူ့လောကကြီးထဲမှာ ကိုယ့်အားကိုယ်ကိုး

ရပ်တည်နေပြီဖြစ်တဲ့ သားအနေနဲ့ ကတိတိုင်းမတည်နိုင်ခဲ့တာတွေ ကြုံခဲ့ရလောက်ပါပြီ။

ဒါကြောင့် သားရဲ့ လက်တွဲဖော်ကိုလည်း ကတိတည်တဲ့ မိန်းကလေးဖြစ်ဖို့အထိ သားမျှော်လင့်လို့ မရနိုင်ဘူး။ သူလည်း သူ့ဘဝပေးအခြေအနေအရ ကတိပျက်ခဲ့ဖူးမှာပဲသား။

သား သေသေချာချာ လေ့လာသင့်တာတစ်ခုပဲရှိတယ်။ အဲဒါ ကတိနဲ့ ဆက်နွယ်နေတဲ့ သစ္စာတရားပဲ။ သူဟာ သစ္စာရှိသူ ဖြစ်ရဲ့လား။ သားဆန်းစစ်ကြည့်ရလိမ့်မယ်။

သစ္စာဆိုတာ နှုတ်ကတိနဲ့ လုံးဝမတူဘူး။ ရင်ထဲနှလုံးသားထဲမှာ ရှိနေတဲ့အရာဖြစ်တယ်။ သားရှင်းအောင်ပြောပြချင်တယ်။

ပေးမယ်ဆိုပြီး မပေးနိုင်တာ၊ လာမယ်ဆိုပြီး မလာနိုင်တာ၊ ဖြစ်အောင် လုပ်မယ်ဆိုပြီး လုပ်မပေးနိုင်တာ၊ ဖြစ်မလာတာတွေဟာ ကတိပျက်ကွက်တာဖြစ်တယ်။ ဒါကို အခြေအနေသုံးသပ်ပြီး ခွင့်လွှတ်နားလည်ပေးလို့ရတယ်။

မပြောပါဘူးဆိုပြီး ပြောတာ၊ မယူပါဘူးဆိုပြီးယူတာ၊ ရှေ့မှာခေါင်းညိတ်ပြီး ကွယ်ရာမှာ တိတ်တိတ်လုပ်တတ်တာ၊ အတွင်းစကားကို ပေါက်ကြားစေတာ၊ အဲဒါတွေဟာ သစ္စာမဲ့ခြင်းဖြစ်တယ်။ လုံးဝခွင့်မလွှတ်ထိုက်တဲ့ အမှားတွေဖြစ်တယ်။

သားရဲ့ လက်တွဲဖော်မှာ သစ္စာတရားကို ကိုးကွယ်လက်ကိုင်ထားနိုင်တဲ့ အရည်အချင်းမျိုး ရှိဖို့လိုတယ်သား။ ဒါမှလည်း စည်းလုံမယ်၊ ဘဝလည်း လုံခြုံမယ်။

အချစ်ဆုံးစာပေ

ကိုယ့်မြင်ကွင်းမှာ ဟန်ဆောင်နေပြပြီး မမြင်သာတဲ့နေရာ လည်းရောက်ရော ပေးထားတဲ့ ကတိသစ္စာတွေ ချိုဖဲ့ပစ်ရေး ဆိုရင် ဘယ်လိုမှ တန်ဖိုးရှိတဲ့ မိန်းကလေး မဖြစ်တော့ဘူး။ တိတ်တိတ်ခိုးလုပ်တတ်တဲ့ အကျင့်ဟာ ဖျောက်မရတတ်ဘူး သားရေ။

လက်တွဲဖော်ချင်း ညှိနှိုင်းကြတဲ့အခါ သူမကြိုက်တာ၊ ကိုယ်မကြိုက်တာတွေကို တကယ်ပဲ လိုလိုချင်ချင် သစ္စာရှိရှိ ပြုပြင်ရဲ့လားဆိုတာ သားကိုယ်သားလည်း သုံးသပ်ပါ။ သူ့ကိုလည်း လေ့လာပါ။ မဖြစ်နိုင်တဲ့ ကတိတွေ သားမပေး ပါနဲ့။ သူကလည်း မပေးစေနဲ့ သား။

မဖြစ်နိုင်မှန်းသိရင် ပွင့်ပွင့်လင်းလင်းရှိစေချင်တယ်။ သိသိကြီးနဲ့ ဟန်ဆောင်ကတိမပေးဖို့ မေမေမှာချင်တယ်။ သားက ယောကျ်ားလေးနော်။ ကတိသစ္စာပိုပြီးမြဲရမယ်။ ဒါကြောင့် အချိန်ယူပါလို့ မေမေပြောတာပဲ။ မေးခွန်းတွေကို အရင်ဖြေပြီးမှ ဘဝတစ်သက်တာအတွက် ကတိသစ္စာပြုပါ သားရေ။

❒

အချစ်ဆုံးစာပေ

# စိတ်ရှည်သည်းခံတတ်ရဲ့လား ?

သားရဲ့ လက်တွဲဖော်ဟာ မိန်းကလေး ဖြစ်တယ်။ မိန်းကလေးတစ်ယောက်မှာ စိတ်ရှည်သည်းခံတတ်တဲ့ အရည်အချင်းရှိဖို့ လိုတယ်သား။

စိတ်တိုတတ်တဲ့ မိန်းကလေးတွေဟာ ဆင်ခြင်တုံတရားနည်းတတ်ကြတယ်။ စိတ်အလိုကိုလိုက်ပြီး မဆင်မခြင်ပြောမိတတ်တယ်။ စိတ်တိုနေတဲ့အချိန်ဆိုတော့ အမှန်တရားကိုလည်း မမြင်နိုင်ဘူး။ ဒေါသစိတ်လည်း ပါလာမယ်။

သူဖြတ်သန်းလာတဲ့ အသိုင်းအဝိုင်းပေါ်မှာ မူတည်ပြီး သူ စကားတွေမှာ ရင့်သီးရိုင်းပျမှုတွေ ပါလာနိုင်တယ်။ သားခံနိုင်ရည်မရှိရင်တော့ ရန်ပွဲဖြစ်ပြီပေါ့။ ရန်ဖြစ်ပြီဆိုမှတော့ တစ်ယောက်ကိုတစ်ယောက် မခံချင်အောင် ပြောမိကြပြီလေ။ ဘယ်မှာသာယာတဲ့ဘဝတစ်ခု ဖြစ်လာနိုင်ပါ့မလဲ။ ဒီလို

မိန်းကလေးမျိုးနဲ့ သားရေရှည်လက်တွဲဖို့ ဖြစ်နိုင်ပါ့မလား။ စဉ်းစားပေတော့သား။

လောကကြီးကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတဲ့အချိန်မှာ စိတ်ရှည်ရှည်နဲ့ ဖွဲ့ကောင်းကောင်းရှိဖို့ သိပ်အရေးကြီးတယ်။ နှစ်ယောက်တစ်ဘဝ တည်ဆောက်ကြတဲ့နေရာမှာလည်း တစ်ယောက်ရဲ့ အားနည်းချက်အပေါ် တစ်ယောက်က သည်းခံတတ်ဖို့ လိုပြန်တယ်။ စိတ်ရှည်ရှည် ပြုပြင်ပြောင်းလဲပေးတတ်ကြရလိမ့်မယ်။

ညီအောင်ညှိတဲ့နေရာမှာ နှစ်ဖက်စလုံးကို အလျှော့အတင်းလုပ်ပေးမှ ရမယ်။ တစ်ဖက် တည်းကိုချည်း အလေးထိုးပေးနေလို့ မရဘူးသားရေ။ ဒီနေရာမှာ စိတ်မရှည်တတ် သည်းမခံတတ်ရင်တော့ မေမေ ခုနကပြောခဲ့သလို စကားစစ်ထိုးပွဲတွေ၊ ရန်ပွဲတွေနဲ့ချည်းတိုးပြီး စိတ်ဆင်းရဲဖြစ်ရမှာ မုချပဲ။ အချိန်မလွန်ခင်မှာ စဉ်းစားနော်။ ယောကျ်ားတစ်ယောက် ဖြစ်ရတာပိုပြီးဝန်ကြီးတယ်။ ရယူပိုင်ဆိုင်ပြီးကာမှ အလွယ်တကူစွန့်ပစ်လို့ မရဘူး။

စိတ်တိုတတ်တာ အပြစ်တော့မဟုတ်ပါဘူး။ ပြုပြင်ပေးလို့ရပါတယ်။ စိတ်ရှည်တတ်အောင် သည်းခံတတ်အောင် အချိန်ပေးပြီး လေ့ကျင့်ယူဖို့ တွန်းအားပေးလို့ရပါတယ်။ ဖြစ်နိုင်မလားဆိုတာတော့ သားကြိုးစားကြည့်ပေါ့။ ကတိ လက်မလွန်စေနဲ့ဦး သားရေ။

အချစ်ဆုံးစာပေ

တစ်ခါတစ်လေတော့လည်း 'အချစ်'ဆိုတာ ဆန်းကြယ်တယ် သား။ ကိုယ်ချစ်တဲ့သူက ပြုပြင်မှုကို တကယ့်လိုက်လိုက်လဲ့လဲ့ ခံယူတဲ့ မိန်းကလေးတွေလည်း ရှိတတ်တယ်။ ဒါကို နူးညံ့ပျော့ပျောင်းတဲ့စိတ်သဘောရှိသူမျိုးမှာ တွေ့နိုင်တယ်။ သိပ်တော့ မမျှော်လင့်နဲ့ သားရေ။ စရိုက်ဆိုတာ ပြင်ရခက်လွန်းတယ်။ ခွေးမြီးကောက် ဖြစ်ရင်တော့လည်း အလကားပဲနော်။

❐

# ဘယ်လိုဝတ်စားဆင်ယင်သလဲ ?

ဒီမေးခွန်းလေးကလည်း အရေးကြီးတယ် သားရေ။ ဒါဟာ သိက္ခာတရားနဲ့ သက်ဆိုင်တယ်။

ဒီနေ့ အချိန်အခါမှာ မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုဟာ အတိုင်းအတာမရှိတော့သလို ဖြစ်နေတယ်။ မိဘတွေကပဲ လျစ်လျူရှုထားကြသလား။ မေမေလည်း ခေတ်တွေကို ဖြတ်ကျော်လာခဲ့တဲ့ မိန်းမသားတစ်ယောက်ပါ။

ထဘီကို ဒရင်းတိုက်ဝတ်တဲ့ ခေတ်ကို မေမေ ဖြတ်သန်းခဲ့တယ်။ ထဘီတိုတိုဝတ်တဲ့ခေတ်ကိုလည်း ရောက်ခဲ့တယ်။ ဘောင်းဘီရှည်၊ စကတ်၊ ဂါဝန်တွေလည်း မေမေကိုယ်တိုင် ဆင်ယင်ခဲ့ဖူးတယ်။ ဒါပေမယ့် မေမေ့မိဘတွေက အချိန်အခါ အသက်အရွယ်အလိုက် အတိုင်းအတာတွေကို သတ်မှတ်ပေးခဲ့တယ်သား။

အချစ်ဆုံ စာပေ

အခုသားရွေးရမယ့် လက်တွဲဖော်ဟာ ဆယ်ကျော်သက် မဟုတ်ဘူးနော်။ ဘာပဲဖြစ်ဖြစ် နေရာတစ်ခု ပညာတစ်ရပ် ရထားပြီးသူ ဆိုမှတော့ သူ့မှာ သူ့ဂုဏ်သိက္ခာနဲ့ သူတော့ ရှိနေရလိမ့်မယ်။ ပတ်ဝန်းကျင်ရဲ့ ရိုသေမှုကို မရရှိရင်နေပါစေ။ လေးစားမှုတော့ ရထားပြီးဖြစ်ရလိမ့်မယ်။

ဝတ်စားဆင်ယင်မှုဟာ မိန်းကလေးတစ်ယောက်ရဲ့ ကျက်သရေပဲသား။ အဲဒီမိန်းကလေးရဲ့ စိတ်နေစိတ်ထား အကျင့်စရိုက်ကိုလည်း ဖော်ညွှန်းနေတယ်။ လွတ်လပ်ပေါ့ပါး စွာ ဝတ်ဆင်ခြင်းဟာ အပြစ်မရှိပါဘူး။ ဒါပေမယ့် ဟီရိဩတ္တပ္ပ တရား ကင်းမဲ့တဲ့အထိ ရဲရဲတင်းတင်း ဝတ်စားတတ်သူမျိုး မဖြစ်စေသင့်ဘူး။

သားရွေးချယ်တဲ့ မိန်းကလေးဟာ တခြားသော ယောကျ်ား တွေကို စိတ်ဝင်စားအောင် ဖိတ်ခေါ်နေတဲ့ ဆင်ယင်မှုမျိုး ဘယ်ရှိသင့်ပါ့မလဲ။ ဒါဟာ တစ်နည်းအားဖြင့် သားအတွက် အန္တရာယ်ရှိတယ်။ ပြုပြင်လို့မရရင် နောက်ဆုတ်ပါ သား။

မေမေဆိုလိုတာ တစ်မျိုးနော်။ ပုံတုံးကြီးဝတ်ပြီး ခေတ် နောက်ပြန်ဆွဲနေရမယ်လို့ ပြောတာ မဟုတ်ဘူး။ အမြင် တင့်တယ်ဖို့ ဆိုလိုတာ။ တချို့မိန်းကလေးတွေ ကျပြန်တော့ လည်း ဖြစ်ကတတ်ဆန်း အလွယ်တကူ ဝတ်စားဆင်ယင် တတ်ကြတယ်။ မပြင်မဆင် နေတတ်ကြတယ်။ အလုပ်နဲ့

ပိနေတတ်တဲ့ သူမျိုးပေါ့။ ဒါလည်း မဖြစ်သင့်ဘူး။ မိန်းကလေး တစ်ယောက်ဟာ မိန်းကလေးပီပီ ကိုယ်တတ်နိုင်တာလေးတော့ လှပတင့်တယ်အောင် ဆင်ယင်ပြင်ဆင်တတ်ရမယ်။ သားရဲ့ မိန်းကလေးမှာ ဒီလိုအပ်ချက် ရှိနေရင် ပြုပြင်ပေးပါ။

ဘယ်အရာမှ အလွန်အကျွံမဖြစ်ရင် အကောင်းဆုံးပါပဲ သားရေ။ သားလည်း မေးခွန်းတွေ မဖြေရခင် စကားမလွန်ပါစေနဲ့။

❐

အချစ်ဆုံးစာပေ

# ဖွဲ့ရှိသလား ?

ဒါကတော့ ရှိသင့်တဲ့ အရည်အချင်း တစ်မျိုးပေါ့ကွယ်။ ရှိရမယ်လို့ ဇွတ်အဓမ္မတော့ ဖန်တီးပုံသွင်းလို့ မရနိုင်ဘူး။ သူ့ရဲ့ ဘဝပေးအခြေအနေပေါ်မှာလည်း မူတည်သေးတယ်။

မတောင့်မတနေခဲ့ရတဲ့ မိန်းကလေးတစ်ယောက်မှာ အားထုတ်လိုစိတ် နည်းပါးတတ်လိမ့်မယ်။ ဘဝဆိုတာလည်း နာဖူးမှ နာတတ်တာ သားရေ။ လိုတရနေခဲ့မှတော့ ဇွဲကို အသုံးချတတ်ခဲ့မှာ မဟုတ်ဘူး။ ဒါကြောင့် ဒါဟာ အပြစ် မဟုတ်ဘူးပေါ့။

ဒါပေမယ့် သားနဲ့ နှစ်ယောက်တစ်ဘဝ တည်ဆောက်တဲ့ နေရာမှာ သူ့ပင်ကိုစရိုက်နဲ့ လိုက်လျောညီထွေရှိနိုင်ပါ့မလား။ သားစဉ်းစားပေါ့။ သူ့ရဲ့ လက်ရှိအနေအထားထက် မပွန်းပဲ့

မဆုတ်ယုတ်အောင် သားက ကာကွယ်နိုင်မလား။ သားအတွက် သူ့ဘက်က ဖွဲ့ကောင်းကောင်းနဲ့ အားပေးထောက်ကူနိုင်ပါ့မလား။

မေမေကတော့ သားရဲ့ လက်တွဲဖော်ဟာ သူ့ဘဝကို ကြိုးစားရုန်းကန် ထုဆစ်တည်ဆောက်လာသူဖြစ်စေချင်တယ်။ ဒါမှလည်း ဘဝရဲ့ အထုအထောင်း အဖိအနှိပ်ကို ခံနိုင်ရည်ရှိမယ်။ ရည်မှန်းချက်ကို ဖွဲ့ရှိရှိနဲ့ ဆက်ပြီး အကောင်အထည်ဖော်နိုင်မယ်။ ချမ်းသာတာ ဆင်းရဲတာ အဓိကမဟုတ်ပါဘူး။ သူကိုယ်တိုင်မှာ ရည်မှန်းချက်ကြီးကြီး ရှိထားဖို့ လိုတာပါ။

အဲဒီ ရည်ရွယ်ချက်ကို ဖွဲ့ရှိရှိ ကြိုးစား အောင်မြင်ခဲ့သူဖြစ်စေချင်တာပါ။ မေမေ လောဘကြီးသလို ဖြစ်သွားသလားတော့ မသိဘူး။ မေမေက သားရဲ့ မေမေလေ။ သားကို မေမေ သိနေတယ်။ သားကြိုးစားရဦးမယ်။ တည်တံ့ခိုင်မာအောင် အားထုတ်ရဦးမယ်။ ဒီအတွက် သားကိုယ်တိုင်မှာလည်း ဖွဲ့လုံ့လ ဝီရိယရှိနေရမယ်။ သားရဲ့ လက်တွဲဖော်မှာလည်း ရှိနေဖို့လိုတယ်သား။

အလွယ်တကူ အဆင်ချောချော နေလာခဲ့သူ တစ်ယောက်နဲ့ သားဘဝကို လက်တွဲတည်ဆောက်သွားနိုင်ပါမလား။ မေမေ စိတ်ပူတယ်။ စိန်နားကပ်အရောင်နဲ့ ပါးပြောင်နေတဲ့သားမျိုးတော့ မဖြစ်စေချင်ဘူး သားရေ။

ဖွဲ့မရှိတဲ့ မိန်းကလေးမျိုးဟာ သတ္တိလည်းမရှိတတ်သလို

ခံနိုင်ရည်လည်း ရှိမှာမဟုတ်ဘူး။ ဘဝဆိုတာ အရှည်ကြီးပဲ။ ခရီးရှည်ကြီးမှာ ခွဲမပါဘဲ ဘယ်လိုလျှောက်နိုင်မှာလဲ။ သား တစ်သက်လုံး သယ်ထမ်းပိုးထားမှာလား။ စဉ်းစားဆင်ခြင်ပါ သား။

❐

အချစ်ဆုံးစာပေ

# ကိုယ်ချင်းစာတတ်ရဲ့လား ?

သားရွေးချယ်မယ့် မိန်းကလေးဟာ ကိုယ်ချင်းစာတတ်သူ ဖြစ်ဖို့တော့ သိပ်လိုတယ်နော်။ သတိလက်မလွှတ်ဘဲ ဒီမေးခွန်းကို ဖြေဖြစ်အောင်ဖြေပါ။

ကိုယ်ချင်းမစာတတ်ရင်တော့ တစ်သက်လုံးလက်တွဲဖို့ စိတ်လျှော့လိုက်ပေတော့။ ကိုယ့်အတွက် ကိုယ့်ဘက် ကိုယ့်ဆန္ဒ ကိုယ်စိတ်ကြိုက်တွေကိုချည်း ကြည့်တတ်ပြီး တစ်ဖက်သားရဲ့ ခံစားချက်၊ အခြေအနေ၊ အင်အားကို ထည့်မတွက်တတ်သူ ဆိုမှတော့ သားအပေါ် နားလည်ပေးနိုင်သူ မဟုတ်ဘူးသား။

ဒါဟာ တစ်ကိုယ်ကောင်းစိတ်ဖြစ်တယ်။ အဲဒီလို မိန်းကလေးမျိုးတွေ အများကြီးရှိတယ် သား။ ဘယ်လို အသိုင်းအဝိုင်းထဲမှာဖြစ်ဖြစ် တွေ့ရနိုင်တယ်။ ပညာနဲ့လည်း မဆိုင်ဘူး၊ ဥစ္စာနဲ့လည်း မဆိုင်ဘူး။

အချစ်ဆုံးစာပေ

ဒါပေမယ့် အဲဒီစရိုက်ကို အချိန်တိုအတွင်းမှာတော့ သား မမြင်သာနိုင်ဘူး၊ အထူးသဖြင့် ပညာတတ် နေရာရထားပြီး မိန်းကလေးတစ်ယောက်မှာ ပိုပြီး တွေ့ဖို့ခက်တယ်။ ဘာဖြစ် လို့လဲဆိုတော့ သူ့ရဲ့ တစ်ကိုယ်ကောင်းစိတ်ကို သူ့ရဲ့ အရှိန်အဝါက ဖုံးလွှမ်းထားနိုင်လို့ပဲ။

ခြွေနိုင်သူဖြစ်တဲ့အတွက် အခြွေအရံပေါမယ်။ ဦးစားပေး ခံရသူ ဖြစ်တဲ့အတွက် အပေါင်းအသင်းပေါမယ်။ အကျိုး လိုတဲ့လူတွေ သူ့နံဘေးမှာ ညောင်ရေလောင်းနေကြလိမ့်မယ်။ အပေါ်ယံကြည့်ရင်တော့ အားရစရာ အားကျစရာပေါ့ သား။ ဒါပေမယ့် ကိုယ့်ဆန္ဒပြည့်ဝဖို့ သူတစ်ပါးကို အားဖြည့်ပေးတတ် တဲ့ စရိုက်ဟာ ရေရှည်မှာ လူမုန်းများဖို့ဖြစ်တယ်။

သေသေချာချာ လေ့လာရင် မြင်နိုင်တဲ့ အကွက်ကလေး ရှိပါတယ်။ အဲဒါကတော့ မာနပေါ့။ မာနစိတ်ကြီးတဲ့ သူတွေဟာ ကိုယ်ချင်းမစာတတ်ကြဘူးသား။ ကိုယ်မာန် ကိုယ့်ဟန်နဲ့ နေထိုင်ဆက်ဆံတတ်ကြတယ်။

ကိုယ်လိုချင်တာပဲသိတယ်၊ ကိုယ်ဖြစ်ချင်တာပဲသိတယ်၊ ကိုယ်ခံစားရတာပဲသိတယ်ဆိုတဲ့ မိန်းကလေးမျိုးပဲလေ။ မင့်ကွက်တတ်၊ မထည့်တွက်တတ်တဲ့ သဘောထားမျိုး ရှိထား မှတော့ ညီမျှခြင်းချ လက်တွဲကြဖို့ မဖြစ်နိုင်ဘူးသား။

ဒါကြောင့် ကိုယ်ရွေးချယ်မယ့် လက်တွဲဖော်ကို ကိုယ်ကိုယ်တိုင် ကြိုက်မကြိုက် စဉ်းစားပါ။ ချစ်နေရုံနဲ့ မပြီးသေးဘူးသား၊ သူ့ကို ကြိုက်ဖို့လည်း လိုတယ်။ သူ့စရိုက်ကို သားကြိုက်မှ ဖြစ်မယ်။ ကြိုက်ရုံနဲ့လည်း မပြီးပြန်ဘူး၊ ချစ်ဖို့လည်း လိုတယ်သား။

❒

# ကြောက်တတ်သလား ?

သိပ်ခဲခဲယဉ်းယဉ်း လေ့လာစရာမလိုဘဲ သိနိုင်တဲ့ အဖြေ ဖြစ်တယ်။ ကြောက်တတ်တာအပြစ်လားလို့ သား စောဒက တက်နိုင်ပါတယ်။ အပြစ်မဟုတ်ပါဘူး သားရယ်။ အပြစ်တင် စရာလဲ မလိုပါဘူး။

သားရဲ့စရိုက်၊ သားရဲ့အကြိုက်နဲ့ သဟဇာတဖြစ်မဖြစ် သားဆင်ခြင်သုံးသပ်ကြည့်ဖို့ပဲ လိုပါတယ်။ သားက မေမေ့ သားလေ။ သားဟာ ရဲရင့်တဲ့ ယောကျာ်းလေးတစ်ယောက် ဖြစ်တယ်။ သွားရဲတယ်၊ လာရဲတယ်၊ ပြောရဲတယ်၊ ဆိုရဲတယ်၊ တစ်ယောက်တည်းနေရမှာလည်း သား လုံးဝမကြောက် တတ်ဘူး။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သားက ကိုယ့်ကိုယ်ကို ယုံကြည် စိတ်ချလို့ပဲ။ ယုံကြည်ခြင်းဟာ ရဲရင့်ခြင်းကို ဖြစ်စေ နိုင်တာပေါ့။

ပြီးတော့ သားက မရိုးမသား မမှားတတ်ဘူး။ နောက်ပြီး သားကရန်မဖြစ်တတ်ဘူး။ လူချစ်လူခင်ပေါတယ်။ ရန်သူမရှိသူ တစ်ယောက်ဟာ ဘာကိုမှ ကြောက်စရာမလိုဘူး မဟုတ်လား။

ဒါကြောင့် ကြောက်တယ်ဆိုတာရဲ့ အဓိပ္ပာယ်ကို သား နားလည်ပေတော့နော်။ ငါမကြောက်တတ်တာ ဘာကြောင့်လဲ။ သားကိုယ်သား နားလည်ရမယ်။ ဒါဆိုရင် ကြောက်တတ်တဲ့ သူဟာ ဘာကြောင့် ကြောက်တတ်တာလဲ ဆိုတာကိုလည်း သားအဖြေရှာတတ်ပါလိမ့်မယ်။

ကြောက်တတ်တဲ့ မိန်းကလေးကို သားရွေးချယ်ခဲ့ရင် သားဘက်က ခွင့်လွှတ်လိုက်လျောပေးနိုင် မပေးနိုင် ချင့်ချိန် ပါ။ ပြုပြင်ယူလို့ရမရ စဉ်းစားပါ။

ဟုတ်ပြီ။ အကယ်၍များ သားရဲ့ လက်တွဲဖော်က မကြောက် တတ်သူဆိုပါစို့။ ရဲရင့်တဲ့ မိန်းကလေးဆိုပါစို့။ လက်ခုပ်တီးပြီး သဘောမကျလေနဲ့ဦး။ ဘယ်လောက်ပဲရဲရင့်ပါစေ။ မိန်းကလေး ဆိုတာ အထိန်းအကွပ်တော့ ရှိရတယ် သား။ မသင့်လျော်တဲ့ နေရာ၊ မအပ်စပ်တဲ့အလုပ်မျိုးကို သွားရဲ လုပ်ရဲခြင်းဟာ ဂုဏ်ယူစရာ မဟုတ်ပါဘူး။

ကိုယ့်ကိုကိုယ် ဘယ်လောက်ပဲ ယုံကြည်စိတ်ချရပါစေ။ မိန်းကလေးတစ်ယောက်မှာ မမြင်ရတဲ့ အန္တရာယ်တွေ ရှိတတ် တယ်။ ဆင်ခြင်တတ်သူဖြစ်ဖို့ လိုတယ်သား။ ဒါကြောင့် ကြောက်တတ်ဝန်ကင်း၊ ကြောက်ရင်လွဲ၊ ရဲမင်းဖြစ်ဆိုတဲ့

ဆန့်ကျင်ဘက်စကားပုံနှစ်ခုရဲ့ အလယ်မှာ ဆင်ခြင်တုံတရား လေး ခံထားရလိမ့်မယ်။

ဆင်ခြင်တတ်တဲ့ မိန်းကလေးကို ရွေးတတ်ပါစေသားရေ၊ မဆင်မခြင် မကြောက်စေဘဲ ဆင်ဆင်ခြင်ခြင် ကြောက်တတ်သူ ဖြစ်ပါစေ။

❐

# သိတတ်ရဲ့လား ?

သိတတ်တယ်ဆိုတာ ဘာကိုဆိုလိုတာလဲ။ ဒါကို သား အရင်သိရမယ်။ သားကိုယ်တိုင် သိတတ်သူဖြစ်ဖို့လည်း ကြိုးစားရမယ်။ သားရဲ့ လက်တွဲဖော်ဟာလည်း သိတတ်တဲ့ မိန်းကလေး ဖြစ်ရမယ်။

သိတာနဲ့ သိတတ်တာ မတူဘူးသားရေ။ သိတတ်တယ် ဆိုတာ တုံ့ပြန်မှုသဘောရှိတယ်။ မိဘ ဆရာ ကျေးဇူးကို သိတော့ သိကြတယ်။ ဒါပေမယ့် သိတတ်ဖို့ကျတော့ ခက်တယ်။ ဒီသဘောမျိုးပေါ့ကွယ်။

သားရဲ့ လက်တွဲဖော်ဟာ မိဘဆရာ ဂုဏ်ကျေးဇူးကို သိတတ်သူ ဖြစ်ရဲ့လား၊ သား လေ့လာပါ။ မိဘကိုသိတတ်တာ အပြစ်မဟုတ်ဘူးနော်။ တချို့ပြောကြတာရှိတယ်၊ သူ့မိဘ ကျတော့ သိပ်သိတတ်တာပဲဆိုတဲ့ စကားမျိုးပေါ့။ ဒါအမှန်

တရားပဲ။ ကန့်ကွက်စရာ မလိုဘူး သားရေ။ မိဘကို မသိတတ်ဘဲ ကိုယ့်အတွက်ပဲ စဉ်းစားတတ်သူမျိုးသာ မဖြစ်ဖို့ လိုတယ်။

သူဟာ ကျေးဇူးသိတတ်သူဖြစ်ဖို့လိုသလို အလိုက်သိတတ်သူလည်း ဖြစ်ဖို့ လိုတယ်။ သားကို သူက အလိုက်သိရဲ့လား။ အလိုက်သိတယ်ဆိုတာ သားရဲ့ဆန္ဒ၊ သားရဲ့ လိုလားမှုတွေကို သားဖွင့်မပြောဘဲ သိနေတာမျိုး ဖြည့်ဆည်းပံ့ပိုးကူညီပေးတာမျိုးပေါ့။ ဘဝတစ်သက်လုံး လက်တွဲရမှာမို့ ပါရမီဖြည့်ဘက် ဖြစ်နိုင်ရဲ့လား စောင့်ကြည့်ပါဦး သားရေ။

တချို့မိန်းကလေးတွေများကျတော့ မသိတတ်လိုက်တာမှ လူမှုဆက်ဆံရေးနယ်ပယ်မှာ လုံးဝသုံးမရဘူး။ လူတွေရဲ့ အလိုက်ကို မသိမှတော့ လူတွေနဲ့ ဘယ်လို ပေါင်းသင်းဆက်ဆံလို့ ရပါ့မလဲ။ အထူးသဖြင့် မတောင့်မတဘဝနဲ့ လိုတိုင်းရနေတဲ့ မိန်းကလေးတွေဟာ သိတတ်ခဲကြတယ်။

ဒါပေမယ့် မိန်းကလေးတိုင်းတော့ မဟုတ်ပါဘူး။ တချို့မိန်းကလေးတွေကျတော့ မိဘရဲ့ အုပ်ထိန်းသွန်သင်မှုအောက်မှာ သိတတ် လိမ္မာရှိကြပါတယ်။ စီးပွားရေးနယ်ပယ်မှာ ရောက်နေတဲ့ မိန်းကလေးတွေဟာလည်း လူတွေရဲ့ အလိုက်ကို သိတတ်ကြတယ်။ လိုက်လျောညီထွေ ပြောဆိုတတ် ဆက်ဆံတတ်ကြတယ်။

ဒီတော့ သားရဲ့ မိန်းကလေးဟာလည်း သိတတ်သူလေး

ဖြစ်နိုင်ပါလိမ့်မယ်။ သေသေချာချာတော့ လေ့လာပါသားရေ။ သိတတ်ခြင်းဟာ ပညာတတ်ခြင်းနဲ့ မပတ်သက်ဘူး။ ကြွယ်ဝချမ်းသာမှုနဲ့လည်း မသက်ဆိုင်ဘူး။ လူမှုဆက်ဆံရေးတစ်မျိုးသာ ဖြစ်တယ်။ သားကိုယ်တိုင်လည်း လေ့ကျင့်ပြီး ဖြစ်ပါစေ။

❒

# အိမ်တွင်းမှုအတတ် ဘယ်လောက်တတ်လဲ ?

ဒီနေ့ ဒီအချိန်မှာတော့ မိန်းကလေးတိုင်းဟာ အိမ်တွင်းမှု လုပ်ငန်းတွေကို မနိုင်နင်းကြတော့ပါဘူး သားရေ။ ဒါကြောင့် သားရွေးရမယ့် လက်တွဲဖော်ဟာ အိမ်တွင်းမှု အတတ်ပညာတွေ ကျွမ်းကျင်နေရမယ်လို့ မေမေ အဓမ္မ မပြောလိုပါဘူး။

သားလေ့လာရမှာက သူအိမ်တွင်းမှုအပေါ် စိတ်ဝင်စား သလား၊ ဘာတွေတတ်သလဲ၊ ဘယ်လောက်တတ်သလဲဆိုတာ လောက်ပါပဲ။ ပြီးရင် သားရဲ့ ဆန္ဒနဲ့ ချင့်ချိန်ကြည့်ပါ။

အကြိုက်ချင်းမတူတဲ့အခါ အတူတူနေရင် အတိုက်အခံလေး တော့ ဖြစ်မှာပဲသားရေ။ မေမေတို့က ဗုဒ္ဓဘာသာ မြန်မာလူမျိုး တွေ မဟုတ်လား။ မေမေတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ မိန်းမသားတွေဟာ အိမ်ရှင်မဖြစ်လာကြရမှာ။ အိမ်ရှင်မ

တစ်ယောက်မှာ အိမ်တွင်းမှု အတတ်ပညာကို အထိုက် အလျောက်တော့ သိထား တတ်ထားဖို့လိုတယ်။

'တို့ကတော့ ဘာမှ မလုပ်တတ်ဘူးနော်၊ အလုပ်တစ်ဖက်နဲ့ မအားဘူး'ဆိုတဲ့ မိန်းကလေးမျိုးကို သား ဘယ်လောက်အထိ ခွင့်လွှတ်နားလည်ပေးနိုင်မလဲ။ ကိုယ့်အဝတ်အစားလေး နည်းနည်းပါးပါး ပြိစုတ်သွားရင်တောင်မှ မချုပ်တတ်ရင် သားအဝတ်ရွေးရတဲ့ ဒုက္ခကို ခံရလိမ့်မယ်။ ဘဝမှာ ဒါလေးတွေ ဟာ အသေးအမွှားပဲလို့ သား ခံယူထားနိုင်ရဲ့လား။

အသေးအမွှားလေးတွေကစပြီး ပြဿဒ်မီးလောင်သလို အဖြစ်မျိုး ကြုံလာရင် ခက်မယ် သားရေ။ ကိုယ်ဝတ်ထားတဲ့ အဝတ်ကို ကိုယ်မလျှော်ရ၊ ထမင်းဟင်းကို ဗွန်းခက်ရင်းနဲ့စား၊ အသင့်ခင်းပြီး အိပ်ရာပေါ်မှာ အနားယူခွင့်ရတဲ့ ဘဝလှလှနဲ့ မိန်းကလေးကို သားရွေးချယ်လို့ ဖြစ်နိုင်ရဲ့လား။

ယောက်ျားဆိုတဲ့ အမျိုးက အင်မတန် အကြင်နာ အယုဇ ကြိုက်တတ်ကြတာပဲ။ သားတောင်မှ ခုချိန်ထိ ကိုယ်တိုင် ခူးခပ်စားချင်သေးတာ မဟုတ်ဘူး။ အမေအားကိုးချင်တဲ့ သားတစ်ယောက်ဟာ လက်တွဲဖော်ရလာတဲ့အခါ အမေနဲ့ နှိုင်းယှဉ်မှုတွေ လုပ်လာတတ်ကြစမြဲပဲ။ အဲဒီအခါ ပဋိပက္ခ တွေနဲ့ မခံချင်စရာစကားတွေ ပြောမိလာပြီး နာကြည်းစရာတွေ ဖြစ်လာလိမ့်မယ်။

အချစ်ဆုံးစာပေ

ဒါကြောင့် မေမေအကြံပေးချင်တာကတော့ သားရဲ့လက်တွဲဖော်ဟာ ထမင်းဟင်းချက်ကောင်းတစ်ယောက် မဖြစ်ချင်နေပါစေ။ သားအကြိုက်ကို သိတတ် ဖြည့်ဆည်း ပေးသူဖြစ်ဖို့ သားကြိုးစားပါ။ ကြိုးစားလို့ဖြစ်နိုင်မှသာ ယတိပြတ်လက်တွဲဖို့ ဆုံးဖြတ်ပါ။ သားကိုယ်တိုင်ကလည်း ပြောင်းလဲသွားမယ့် အခြေအနေကို လက်ခံနိုင်ဖို့ အသင့်ပြင်ထားပါ။

❒

# ခံနိုင်ရည်ရှိရဲ့လား ?

ရှိကိုရှိရမယ့် အရည်အချင်းမျိုးဖြစ်တယ် သားရေ။ ဘဝတစ်ခုကို လက်တွဲတည်ဆောက်တဲ့နေရာမှာ ခံနိုင်ရည် အရံအတားမပါလို့ကတော့ လောကဓံကို ဘယ်လိုမှ အံတုနိုင်မှာ မဟုတ်ဘူး။

ထစ်ခနဲဆို စိတ်ကောက်လိုက်မယ်၊ စိတ်ဆိုးပစ်လိုက်မယ်၊ ငိုချပစ်လိုက်မယ်၊ အဲဒီကမှ အိမ်ပေါ်မှဆင်းသွားမယ်၊ မိဘဆီ ပြန်သွားမယ်ဆိုတာမျိုးအထိ ဖြစ်လာရင်တော့ သား စိတ်ဆင်းရဲရပြီ ပေါ့ကွယ်။

ပတ်ဝန်းကျင်က စကားတိုင်းအပေါ်မှာ အနှာယူ အပြစ်တင် ပြဿနာရှာနေရင် ဘယ်မှာ သာယာတဲ့ဘဝ ဖြစ်နိုင်ပါ့မလဲ။ ဒါဟာ ချစ်သူ အခြေအနေမှာကတည်းက လေ့လာဖို့လွယ်တဲ့ စိတ်နေစိတ်ထားမျိုးဖြစ်တယ်။ သားက ပိုပြီးသိရမှာပေါ့။

ဒီလို အခြေအနေကတည်းက မကြာခဏ စိတ်ကတောက်ကဆ ဖြစ်နေရရင် ရေရှည်မှာ လက်တွဲဖို့ မဆုံးဖြတ်လိုက်ပါနဲ့သားရေ။ မေမေကြို့မြင် စိတ်ပူလွန်းလို့ပါ။

ဘဝဆိုတာ အရှည်ကြီးပဲသား။ ဘဝကို အိမ်ကလေးတစ်လုံးလို သဘောထားပြီး အမိုးအကာအခင်း ပြတင်းကအစ လုံခြုံအောင် တည်ဆောက်ရမှာ၊ ခံနိုင်ရည်ရှိတဲ့ ပရိဘောဂတွေလိုသလိုပဲ သားရေ။

ဘဝရဲ့ လက်တွဲဖော်မှာလည်း ခံနိုင်ရည်အင်အားတွေပါလာမှ ဖြစ်မယ်။ အောင်မြင်မှုကို ဝေငှခံစားတတ်ရမယ်။ ရှုံးနိမ့်မှုကိုလည်း မျှဝေခံစားတတ်ရမယ်။ ယူတတ်ရမယ်၊ ပေးတတ်ရမယ်၊ နားလည်တတ်ရမယ်။

လူဆိုတာ အချော့ခံချင်ကြသူချည်းပေါ့သား။ ကိုယ်ကချည်းချော့နေရရင် ဘယ်မှာ သာယာမှုရှိပါ့မလဲ။ တချို့မိန်းကလေးတွေကျတော့ ခံနိုင်ရည်အတော်ရှိကြပါတယ်။ ကိုယ်ချစ်တဲ့ယောကျ်ားတစ်ယောက်ကို ပတ်ဝန်းကျင်က ဘယ်လောက်ပြောပြော အပြစ်လုံးဝမမြင်ဘဲ လက်တွဲရဲကြတာမျိုးပေါ့။ တချို့ကျတော့ ချစ်သူကိုထိတာနဲ့ ကက်ကက်လန် ရန်တွေ့တတ်ကြတယ်။ ဒါကို ချီးကျူးရမယ်လို့ မေမေ မဆိုလိုပါဘူး။

ယောကျ်ားလေးတစ်ယောက်ကို တရားလွန်မယုံကြည်သင့်တာလည်း အမှန်ပဲလေ။ မကောင်းမှန်းသိလျက်နဲ့ ဖက်တွယ်

ထားမယ့်အစား ဖျောင်းဖျပြုပြင်ယူသင့်တယ်။ မေမေကတော့ သားရဲ့ လက်တွဲဖော်ဟာ သားမှာရှိတဲ့ အားနည်းချက်အပေါ် သည်းခံခွင့်လွှတ်နားလည်ပေးရင်း ဖာထေးပြင်ဆင်နိုင်သူ၊ ပတ်ဝန်းကျင်ရဲ့ ထိုးနှက်မှုကို အံတုနိုင်သူ ဖြစ်စေချင်တာပဲ။ မေမေ့ လောဘဆိုပါတော့ကွယ်။

❐

အချစ်ဆုံးစာပေ

ရှိးသားသလား ?

သားရဲ့ လက်တွဲဖော်ဟာ ရိုးသားတဲ့မိန်းကလေးလား။ ဘဝကို ရိုးရိုးသားသားပဲ ဖြတ်သန်းခဲ့သူလား။ သမားရိုးကျ ရေစီးကြောင်းအတိုင်း လိုက်ပါခဲ့သလား။

ရိုးသားတယ်ဆိုတာ မွန်မြတ်တဲ့ အကျင့်စရိုက်ပဲလေ။ ဒါပေမယ့် လူတိုင်း မလိုက်နာနိုင်တတ်ကြဘူး။ သားရဲ့ လက်တွဲဖော်ဟာ ရိုးသားသူဖြစ်ရင် သားအတွက် ဂုဏ်ယူစရာ ကောင်းတာပေါ့။

ဒါပေမယ့် သားရေ။ ရိုးသားစွာ တည်ဆောက်ထားတဲ့ စံအိမ်ဟာ ထင်ရှားပေါ်လွင်မှုမရှိနိုင်ဘူးနော်။ စည်းမျဉ်း စည်းကမ်း ထုံးတမ်းစဉ်လာ ဥယျာဉ်ထဲမှာ ထူးခြားဆန်းသစ်တဲ့ အတွေးအခေါ်တွေ မဖူးပွင့်နိုင်ဘူး။

သူတစ်ပါးရဲ့ နောက်လိုက်အဖြစ် ရိုးဂုဏ်ကို ဖက်တွယ်ရင်း ကြီးပွားချမ်းသာ တိုးတက်ဖို့ထက် အေးဆေးတည်ငြိမ်စွာ

နေထိုင်လိုသူ မိန်းကလေးမျိုးဟာ သားဘဝနဲ့ လိုက်လျောညီထွေ ရှိရဲ့လား၊ တင်းတိမ်ရောင့်ရဲနိုင်သူဖြစ်လို့ သား သူ့အတွက်တော့ ပူပင်ရမှာမဟုတ်တာ အမှန်။ ဒါပေမယ့် အမှားကိုကြောက်တာကြောင့် ဘဝတည်ဆောက်မှု အပိုင်းကဏ္ဍမှာ ဘယ်လိုမှ ရှေ့ထွက်မလာမှာလည်း အမှန်။ သားအပြန်ပြန်စဉ်းစားပေါ့ကွယ်။

လောကကြီးထဲမှာ နေရာရပြီး နေရာရှိပြီးသူတွေ အများကြီးပဲ သားရေ။ ဘယ်လောကထဲမှာကြည့်ကြည့်ပေါ့နော်။ ဒီတော့ ရိုးရိုးလေး ယဉ်ယဉ်လေးနဲ့ အေးအေးဆေးဆေးနေလို့ကတော့ လောကကြီးက သားကို နေရာရှာပေးမှာမဟုတ်ဘူး။ မေမေဆိုလိုတာကို အလွဲမတွေးနဲ့ဦး။ မရိုးမသားကောက်ကျစ်လှည့်ဖျားရမယ်လို့ ပြောတာ မဟုတ်ဘူး။

တိုးတက်ခေတ်မီတဲ့ အတွေးအခေါ်တွေနဲ့ တွေးတတ်မြင်တတ် တီထွင်ကြံဆတတ်ဖို့ပြောတာ။ ပြိုင်သင့်တာကို ပြိုင်ကြရမှာကို ဆိုလိုတာ။ ဥပေက္ခာရှုသင့်တာကို ရှုနိုင်ရမယ်။ ကျော်ဖြတ်စရာရှိတာကိုလည်း ခပ်ရဲရဲ ဖြတ်ကျော်ရမယ်။ ရိုးရိုးကုတ်ကုတ်နဲ့ အရိုးထုတ်နေလို့ကတော့ ဘဝဟာ နောက်တန်းကနေ တက်လာမှာ မဟုတ်ဘူး။

ဒါကြောင့် သားရဲ့ လက်တွဲဖော်ဟာလည်း ဖျတ်လတ်သွက်လက်ပြီး သားနဲ့အတူ အမြဲသစ်လွင်တဲ့ စိတ်ဓာတ်နဲ့ လှုပ်ရှားရုန်းကန် ကြိုးစားနိုင်သူဖြစ်ဖို့ အရေးကြီးတယ်။

အချစ်ဆုံးစာပေ

ကြောက်ရွံ့ရွံ့နဲ့ အပြစ်တင်ခံရမှာ၊ လက်ညှိုးထိုးခံရမှာ၊ ဝေဖန်ခံရမှာ၊ အမှားဖြစ်သွားမှာ စိုးရိမ်နေသူမဖြစ်သင့်ဘူး။ ရိုးလွန်းတော့ အ,သတဲ့ သားရေ။ လောကကြီးမှာ လူလိမ် လူလည်တွေ အများကြီး။ ကိုယ့်ကို ကျော်စားသွားခံရမှာ သတိရှိဖို့လိုတယ်။ အရွေးမမှားဖို့ အလေးထားပေတော့။

❐

အချစ်ဆုံးစာပေ

စာဖတ်ရဲ့လား ?

သိပ်ခက်ခက်ခဲခဲ လေ့လာဖို့မလိုဘဲ သိနိုင်တဲ့အချက်ပါပဲ။ မေးခွန်းကမခက်ပါဘူး။ အဖြေအပေါင်းလက္ခဏာဖြစ်ဖို့က ခက်တာပါ။

သားရေ၊ ဝမ်းနည်းစရာကောင်းတဲ့အချက်ကတော့ လူငယ်တွေ စာဖတ်နည်းတာပါပဲကွယ်။ မေမေတို့နိုင်ငံမှာ လူငယ်အင်အား သန်းနဲ့ချီပြီး ရှိပါတယ်။ ဒါပေမယ့် ဘယ်လိုစာအုပ်စာတမ်းမှ သိန်းဂဏန်းချီပြီး မဖြန့်ချိနိုင်ဘူး။ (ကျောင်းသုံးကလွဲလို့ပေါ့)။ သောင်းဂဏန်းရိုက်ရတယ်ဆိုတဲ့ စာအုပ်ကလည်း လက်ချိုးရေလို့ရတဲ့ ဆယ်ဂဏန်းလောက်ပဲရှိတယ်။

သားတို့လူငယ်တွေ စာဖတ်နည်းကြတယ်။ ဘာဖြစ်လို့လဲ။ အချိန်မပေးနိုင်ကြလို့ပဲလား၊ စာဖတ်ခြင်းကို စိတ်မဝင်စားကြတာပဲလား။ သားသတိထားစေချင်တယ်။ စာဖတ်သူနဲ့

စာမဖတ်သူဟာ သိသိသာသာ ခြားနားတယ်သား။ စိတ်ဓာတ်ရေးရာ၊ လူမှုရေးရာ၊ ယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံမှု၊ လူလူချင်း နားလည်နိုင်မှု၊ ကိုယ်ချင်းစာတတ်မှုဆိုတဲ့ အရည်အသွေးတွေဟာ စာဖတ်စွမ်းရည်အလိုက် ကွာခြားနေတတ်တယ်။

တစ်နေ့ပြီးတစ်နေ့ ပြောင်းလဲတိုးတက်နေတဲ့ ခေတ်ကို အမီလိုက်နိုင်ဖို့ဆိုတာ စာဖတ်မှရတယ်သားရေ။ မိန်းကလေးဖြစ်ဖြစ် ယောကျ်ားလေးဖြစ်ဖြစ် စာတော့ ဖတ်ကိုဖတ်ရမယ်။ ပါးနပ်လိမ္မာမွန်ရည်တဲ့ မိန်းကလေးမျိုးဟာ စာဖတ်ဝါသနာကြီးသူဆိုတာ သားတွေ့ပါလိမ့်မယ်။

စာဖတ်တယ်ဆိုတာ စာတတ်တာနဲ့ မတူဘူးနော်။ ဘယ်လောက်ပဲ ပညာတွေ မိုးထိအောင်တော်နေ တတ်နေပါစေ။ စာမဖတ်ရင်တော့ ဆင်ခြင်ဉာဏ်ရှိမှာ မဟုတ်ဘူး။ စာဖတ်တဲ့နေရာမှာလည်း အပျော်ဖတ်သူနဲ့ နာခံလေ့လာဖို့ ဖတ်သူဆိုတာ ကွဲပြားသေးတယ်။ သား သေသေချာချာ ဆန်းစစ်ကြည့်ပါ။ ဘာပဲဖြစ်ဖြစ် စာဖတ်ကျင့်ရှိသူတစ်ယောက်ကို စာအုပ်ရွေးပေးဖို့ သိပ်မခဲယဉ်းနိုင်ဘူးလေ။ မိန်းကလေးတစ်ယောက် လူငယ်တစ်ယောက် ဖတ်သင့်တဲ့ စာတွေ အများကြီးရှိတယ်။

မြန်မာဘာသာနဲ့တင်မက နိုင်ငံခြားဘာသာနဲ့ စာအုပ်တွေ

ကိုပါ ဖတ်နိုင်ရင် ပိုကောင်းတာပေါ့။ သံရုံးစာကြည့်တိုက်တွေမှာ စာအုပ်လာငှားဖတ်ကြတဲ့ မိန်းကလေးတွေ မေမေတွေ့ဖူးတယ်။ မေမေသိပ်အားရမိတာပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့လက်လှမ်းမီသလောက် လေ့လာရှာဖွေ ဖတ်မှတ်သင့်တယ်။

ဒါကြောင့် သားရဲ့လက်တွဲဖော်ကိုလည်း စာဖတ်တတ်သူဖြစ်စေချင်တယ်။ စာဖတ်တတ်ရင် စာနာတတ်တယ်သား။ ဒါဟာ အရည်အချင်းကောင်း တစ်ခုပဲ။ သားရဲ့ မိန်းကလေးမှာပါလာခဲ့ပါစေ။

❐

အချစ်ဆုံးစာပေ

စိတ်ကူးယဉ်တတ်သလား ?

'စိတ်ကူး'ဆိုတာ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒအပေါ် ကြိုတင်မျှော်မှန်းတွေးကြည့်ခြင်းပဲသား။ ဒါကို လူတွေက စိတ်ကူးယဉ်တယ်လို့ ပြောကြတယ်။ ယဉ်တယ်ဆိုတာ ယဉ်ကျေးတာပေါ့။ လွယ်လွယ်ပြောရရင် စိတ်ကူးယဉ်တယ်ဆိုတာ ကိုယ့်ရဲ့စိတ်ကို ကောင်းမွန်တဲ့ အခြေအနေတစ်ခုဆီ ကူးခတ်ရောက်ရှိသွားစေခြင်းပဲပေါ့။

စိတ်ကူးယဉ်တယ်ဆိုမှတော့ ဘယ်သူကမှ ဆိုးရွားတဲ့ဘဝဆီ ဦးတည်မှာ မဟုတ်ဘူးလေ။ စိတ်ကူးယဉ်တယ်ဆိုတာကို မကောင်းဘူး၊ အချိန်ဖြုန်းတာပဲလို့ တရားသေပြောလို့မရဘူး။ လူတစ်ယောက် ဘဝတစ်ခုကို စတင်မွေးမြူ ထုဆစ်တော့မယ်ဆိုရင် အဲဒီဘဝဆီ ရည်မှန်းတဲ့ စိတ်ကူးစိတ်သန်းတွေရှိမနေလို့ ဖြစ်မှမဖြစ်ဘဲ။ စိတ်ကူးမပါဘဲ ရုတ်တရက်ဖြစ်လာတဲ့

အခြေအနေအပေါ်မှာ ရေလိုက်ငါးလိုက်နေသွားသူတွေဟာ ဘယ်တော့မှ ထူးချွန်ထက်မြက်မလာနိုင်ဘူး။

ဒါပေမယ့် စိတ်ကူးထားတဲ့အတိုင်း ဖြစ်လာဖို့ဆိုတာ လက်တွေ့အကောင်အထည်ဖော်နိုင်မှုအပေါ် မူတည်တယ်။ ထိုင်နေလို့ မဖြစ်ဘူး။ စိတ်ကူးနဲ့ လမ်းလျှောက်လို့လည်း မရဘူး။ တစ်ခုတော့ရှိတယ်။ စိတ်ကူးဟာ ဖြစ်နိုင်ခြေပေါ်မှာ အခြေခံရမယ်။ ဘယ်လိုမှ မဖြစ်နိုင်တာကို စိတ်ကူးတာဟာ စိတ်ကူးယဉ်တာမဟုတ်ဘဲ စိတ်ကူးရိုင်းတာ ဖြစ်တယ်။

ကဲ သားရဲ့ လက်တွဲဖော်ဟာ စိတ်ကူးယဉ်တတ်သလား၊ စိတ်ကူးရိုင်းရိုင်းနဲ့ လိုတိုင်း တ,နေတတ်သလား၊ သားအဖြေ ရှာပေတော့။ တချို့မိန်းကလေးတွေဟာ သူတို့အပေါ် အထင်ကြီးလာအောင်၊ ဒါမှမဟုတ် သနားဂရုဏာသက်လာအောင် စိတ်ကူးယဉ်ဇာတ်လမ်းတွေ ဆင်ပြီး အကွက်ထွင် ဆွဲဆောင်တတ်ကြတယ်။ သားညို့ကွင်းမှာ မမိဖို့လိုတယ်။ ကိုယ်တိုင် ထဲထဲဝင်ဝင် လေ့လာပါ သားရေ။

တချို့ မိန်းကလေးတွေကတော့ သူတို့စိတ်ကူးလေးတွေကို ပုံဖော်ခွင့်ရအောင် အားကိုးရှာတတ်ကြတယ်။ သားမှာ သားလက်တွဲဖော်ရဲ့ စိတ်ကူးမျှော်လင့်ချက်ကို ဖြည့်စွက်နိုင်တဲ့ စွမ်းရည် ရှိပြီလား။ ကိုယ့်ကိုကိုယ်လည်း ပြန်စဉ်းစားပါ။

တချို့ မိန်းကလေးတွေကတော့ ထွေထွေထူးထူး စိတ်ကူး မနေတော့ဘဲ ရသလောက်နဲ့ ကျေနပ်နေတတ်ကြတယ်။ ဒါဆိုရင်တော့ သူ့ဘဝဟာ ထူးချွန်တောက်ပလာမှာမဟုတ်ဘူး။ အဲဒါ သားသဘောကျသလား။

အချစ်ဆုံးစာပေ

တချို့မိန်းကလေးတွေကတော့ ဆင်ခြင်ဉာဏ်မကူဘဲ စိတ်ကူးတည့်ရာ လုပ်တတ် ကိုင်တတ်ကြတယ်။ ကံစီမံရာ အတိုင်း ဖြစ်ချင်ရာဖြစ်၊ မဖြစ်ချင်နေဆိုတာမျိုး ရှိသလို ဖြစ် မဖြစ် မသေချာဘဲ ဇွတ်အတင်းတိုးဝင်ကြတာမျိုးလည်းရှိတယ်။ သား လက်ခံနိုင်ပါ့မလား။

မေမေကတော့ ဖြစ်နိုင်တာကို စိတ်ကူးပြီး အတတ်နိုင်ဆုံး ကြိုးစား အောင်မြင်ဆုံးရှုံးမှုကို ခံနိုင်ရည်နဲ့ လက်ခံတတ်တဲ့ ထက်မြက်တဲ့ မိန်းကလေးမျိုးကို သားရွေးချယ်စေချင်တယ်။ ဘယ်လိုလဲသား ဖြစ်နိုင်ပါ့မလား။

❐

# ဆွဲဆောင်မှုရှိသလား ?

တချို့မိန်းကလေးတွေဟာ ဆွဲဆောင်မှုသိပ်ရှိကြတယ် သားရေ။ ယောကျ်ားလေးတွေ စွဲမက်နှစ်သက်လောက်စရာ ရုပ်ရည်ရူပကာကို ပိုင်ဆိုင်ထားတဲ့သူလေးတွေပေါ့။ သူတို့ရဲ့ မျက်လုံးတွေမှာ ညို့ယူဆွဲငင်နိုင်တဲ့ စွမ်းရည်သတ္တိတွေ အပြည့် ရှိထားကြတယ်။

မျက်လုံးတွေမှ မဟုတ်ဘူး၊ သူတို့ရဲ့ မျက်နှာပေါ်မှာ အပြုံးပန်းတွေလည်း ပွင့်နေအောင် ဖန်တီးထားကြသေးတယ်။ ပြီးတော့ သူတို့ရဲ့စကားသံကိုလည်း ချွဲချွဲနွဲ့နွဲ့ နူးနူးညံ့ညံ့ ဖြစ်အောင် စွမ်းဆောင်ထားနိုင်ကြတယ်။ အဲဒီလို စူးရှတဲ့ အကြည့်၊ နွေးထွေးဖော်ရွေတဲ့ အပြုံးနဲ့ ညင်သာသိမ်မွေ့တဲ့ လေသံတွေဟာ သူတို့ရဲ့ ဆွဲဆောင်နိုင်မှုစွမ်းပကားတွေပဲ။

တချို့ကျတော့ ဝတ်စားဆင်ယင်မှု၊ ဆင်ယင်ထုံးဖွဲ့မှုတွေမှာ ထင်သာ မြင်သာအောင် ဆွဲဆောင်တာမျိုးပေါ့။ တချို့ကျပြန်တော့ သူတို့ရဲ့ ဘဝအခြေအနေကိုက ဆွဲဆောင်မှုရှိနေတာ၊ လှပနေတာ၊ တင့်တယ်နေတာ၊ အားကျဖွယ်ကောင်းနေတာ၊ တပ်မက်ဖွယ်ကောင်းနေတာလေ။ ဘဝပေးအခြေအနေကြောင့်လည်း ဖြစ်နိုင်သလို ကိုယ်တိုင်အားထုတ် ကြိုးစားမှုကြောင့်လည်း ဖြစ်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် သားရေ၊ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက်ကို သားဘဝအတွက် ရွေးချယ်မယ်ဆိုရင် စိတ်မချနိုင်ခြင်း၊ သဝန်တိုခြင်း၊ သံသယဝင်ခြင်းဆိုတဲ့ အနှောင်အဖွဲ့တွေနဲ့ သား လုံးချာလိုက်နေရလိမ့်မယ်။

သူလေးဟာ ဆွဲဆောင်မှုရှိနေတာကြောင့် စိတ်ဝင်စားသူတွေ၊ ရင်းနှီးအောင်ကြိုးစားသူတွေ၊ စွဲလမ်းတပ်မက်သူတွေ အများကြီးနဲ့ သားရင်ဆိုင်ရမှာ။ မပြောင်းမလဲ ချစ်တတ်ရင် တော်ပါရဲ့။ ပြောင်းလဲတတ်သူဆိုရင်တော့ ပြီးပါလေရော။

ယောကျ်ားလေးဆိုတော့လည်း သားကို ပြောရမှာ အခက်သားပဲ။ ဆွဲဆောင်မှုမှမရှိတဲ့ မိန်းကလေးကိုလည်း သား ဘယ်မှာ လက်တွဲချင်ပါ့မလဲ။ ဟုတ်ပါတယ် သားရယ်။ သားရဲ့ လက်တွဲဖော်မှာ ဆွဲဆောင်မှုတစ်ခုခုတော့ရှိဖို့လိုပါတယ်။

အဲဒီ ဆွဲဆောင်မှုဟာ တမင်တကာ ဖန်တီးထားတာမျိုး မဟုတ်ဘဲ ဘဝကပေးတာပဲဖြစ်ဖြစ်၊ ကိုယ်တိုင် ကြိုးစား

အောင်မြင်ပြီး တောက်ပလာတာပဲဖြစ်ဖြစ် မြင့်မားတဲ့ ကြယ်ပွင့်ကလေးလို ဖြစ်နေရမယ်။ ခူးခြွေဖို့ လွယ်ကူတဲ့ လက်လှမ်းမီ ပန်းပွင့်ကလေး မဖြစ်ရဘူး။

ရင့်ကျက်တည်ငြိမ်ရမယ်။ နေရာမြဲရမယ်။ မပြောင်းလဲရဘူး။ အဲဒီ အရည်အချင်းတွေရှိမရှိ သားလေ့လာအကဲခတ်ပါ။ တစ်ဖက်ကလည်း သားကိုယ်သား ရင့်ကျက်အောင် ကြိုးစားပါ။ ရန်မများဖို့ သတိထားပါ။ အရေးကြီးတာက ကိုယ့်စည်းလုံဖို့ပဲဖြစ်တယ်။ စည်းရိုးခိုင်မာပါစေကွယ်။

❐

# ပူပင်တတ်သလား ?

တချို့ မိန်းကလေးတွေကတော့ အပူအပင်ကြီးတတ်ကြသူတွေပေါ့ သားရယ်။ အစိုးရိမ်ပိုလွန်းသူလို့ ဆိုရမှာပေါ့။ ပူပင်တယ်ဆိုတာ စိတ်မချခြင်းရဲ့ လက္ခဏာတစ်မျိုးဖြစ်တယ် သားရေ။ ပူပန်တတ်သူကို ကြောက်တတ်သူလို့လည်း ပြောလို့ရတယ်။

သားရဲ့ လက်တွဲဖော်ကရော ပူပန်တတ်သူလား။ သေသေချာချာ လေ့လာပါသား။ ပူပန်တတ်သူတွေဟာ အလုပ်တစ်ခုကို မလုပ်ခင်ကတည်းက ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ တွန့်ဆုတ်တတ်ကြတယ်။ လုပ်ပြီးရင်လည်း မှားများသွားသလားဆိုတဲ့ ကိုယ့်ကိုကိုယ် မယုံကြည်မှုနဲ့အတူ ရင်မောနေတတ်ကြတယ်။

အဲဒီလိုပဲ သူနဲ့ပတ်သက် ယှက်နွှယ်နေသူတွေအပေါ်မှာလည်း ပူပင်နေတတ်ကြသေးတယ်။ နေမှကောင်းရဲ့လား၊

စိတ်မှချမ်းသာရဲ့လား၊ အလုပ်အဆင်ပြေရဲ့လား စသဖြင့် အစိုးရိမ်ကြီးနေတတ်တယ်။ ခရီးသွားပြန်ရင်လည်း ရင်တမမနဲ့ စိတ်ပူနေတတ်ကြပြန်ရော။

လုပ်လေ့လုပ်ထရှိတာကတော့ ဆုတောင်းခြင်းပေါ့သား။ ပြီးတော့ တတွတ်တွတ်မှာမယ်၊ သတိပေးမယ်၊ မကြာခဏ တားဆီးမယ်၊ ကန့်ကွက်မယ်၊ ဘဝရဲ့ လက်တွဲဖော်အတွက်ဆို ပိုပြီးတော့တောင်မှ ပူပင်ဦးမှာ။ ကိုယ့်ကို ပစ်သွားမလားဆိုတဲ့ ပူပင်စိတ်နဲ့ နေရာတကာ ချုပ်ချယ်ကြမှာသေချာတယ်။ ကန့်ကွက်ကြမှာ သေချာတယ်။

စိတ်မချနိုင်ခြင်းဟာ နှစ်ဦးစလုံးကို ဥပါဒ်ပေးတတ်ပါတယ် သားရေ။ အဲဒီလို မိန်းကလေးမျိုးကိုသာ သားလက်တွဲဖော် အဖြစ် ရွေးချယ်ခဲ့မိရင်တော့ ဘာကိုပဲလုပ်လုပ် နောက်ဆံတင်း နေရတော့မှာပဲ။ ဘယ်သွားသွား စိတ်အေးချမ်းသာရှိမှာ မဟုတ် ဘူး။ ဆုံးဖြတ်ချက်ချမယ့် နေရာမှာလည်း ငဲ့ကွက်ရမှာ၊ ထည့်တွက်ရမှာနဲ့ ခိုင်မာနိုင်မှာ မဟုတ်ဘူး။

သူကလည်း ကိုယ့်ကိုစိတ်မချ ပူပင်နေရတာနဲ့ပဲ ကိုယ်မရှိတဲ့ အချိန်မှာ သူ့ကို အားကိုးလွှဲအပ်ထားလို့မရနိုင်ဖြစ်မယ်။ သားဘဝတစ်လျှောက်လုံး အနားမှာ လက်တွဲထားနိုင်ပါ့မလား။

ဘဝလက်တွဲဖော်ဆိုတာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချ အားကိုးမှုတွေနဲ့ နှောင်ဖွဲ့ထားရမှာ၊ စိုးရိမ်ပူပန် ကြောင့်ကြမှုတွေနဲ့ ရစ်ပတ်ထားရမှာမဟုတ်ဘူး။ သားရဲ့ ရည်မှန်းချက်တွေ နှောင့်နှေးကြန့်ကြာကုန်လိမ့်မယ်။

အချစ်ဆုံးစာပေ

မေမေကတော့ ပူပင်တယ်ဆိုတာ ကိုယ့်ဒုက္ခကိုယ်ရှာတာပဲလို့ မြင်တယ်။ နောက်ပြီး တစ်ဖက်သားကို မယုံကြည်ခြင်းလို့လည်း ဆိုချင်တယ်။ ယုံကြည်မှုမှာ စိတ်ချခြင်းက တစ်ပါတည်းရှိနေသင့်တယ် သားရေ။

ဒါကြောင့် သားကို စိတ်ချယုံကြည်တဲ့ မိန်းကလေးမျိုးကိုပဲ သားရွေးသင့်တယ်။

❐

## ဆရာလုပ်ချင်သလား ?

ဆရာလုပ်တတ်တဲ့ မိန်းကလေးမျိုးနဲ့ သားနဲ့တော့ ဖြစ်နိုင်မယ် မထင်ဘူးနော်။ သားက အိမ်မှာတောင် ဘယ်သူဆရာလုပ်တာမှ ခံချင်တာမဟုတ်ဘူး။ သားကို နားလည်စေချင်ရင် အကျိုးအကြောင်းရှင်းနေအောင် ပြောပြရတာ။ တတ်ရောင်ကားနဲ့ ဆရာသွားလုပ်လို့ကတော့ သားရဲ့ ရှာရှာဖွေဖွေ မေးခွန်းနဲ့ ခံရပြီပေါ့။

ဒါဟာ အရာရာကို နားလည်ချင်တတ် သိချင် စူးစမ်းချင်တတ်တဲ့ သားစရိုက်တစ်ခုပါ။ ဒီတော့ ဆရာလုပ်ချင်တတ်တဲ့ မိန်းကလေးနဲ့ သား ဘယ်လို သဟဇာတဖြစ်နိုင်ပါ့မလဲ။

တချို့မိန်းကလေးတွေက သိပ် ဆရာလုပ်ချင်တတ်ကြတယ်။ နေရာတကာ သူသိသူတတ် သူပဲ ရှေ့ကပါချင်တာမျိုးလေ။ ငယ်ငယ်ကတည်းက ဦးစားပေးခံလာရတဲ့ မိန်းကလေး

မျိုးဆို သာပြီး ဆရာလုပ်ချင်တတ်တယ်။ သူ့ကိုယ်သူ အမြဲမှန်တယ်လို့ ထင်နေတတ်တယ်။ အမှားကို ထောက်ပြရင်လည်း လက်မခံဘဲ တယူသန်ငြင်းပြီး စိတ်ဆိုးတတ်တယ်။ ဒီလို မိန်းကလေးမျိုးကို သားရွေးချယ်လက်တွဲမှာလား။

ဆရာလုပ်ချင်တယ်ဆိုတာ တစ်နည်းအားဖြင့်တော့ အနိုင်လိုချင်တာပါပဲသားရေ။ သူကပဲ ဦးဆောင်လမ်းပြလုပ်ချင်တာမျိုးပေါ့။ ဒါဟာ မပြည့်ဝခြင်းရဲ့ လက္ခဏာပါပဲ။ သားခွင့်လွှတ် သည်းခံပေးနိုင်ပါ့မလား။

မိန်းမကဦးဆောင်၊ မိန်မကအရာရာလွှမ်းမိုးပြီး မိန်းမပြီးမှပြီးရတဲ့ ယောကျ်ားတွေ လောကမှာ အများကြီးရှိတယ်သား။ အဲဒီအထဲမှာ သားပါနိုင်ရဲ့လား။ တကယ်တော့ ဒါဟာ သိပ်ပျော့ညံ့တဲ့ ယောကျ်ားတွေ၊ အားနည်းချက်ရှိတဲ့ ယောကျ်ားတွေသာ လက်ခံကြတဲ့ အဖြစ်မျိုးပါ။ သားအဖြစ်ခံနိုင်မယ်လို့ မေမေတော့ မထင်ပါဘူး။

ပြန်တွေးကြည့်ရင် မိန်းကလေးက ဆရာလုပ်ခံရတယ်ဆိုကတည်းက ကိုယ့်ဘက်မှာချို့ယွင်းချက်တွေ ရှိနေလို့ပဲ။ ကိုယ့်ကိုကိုယ် ပြန်သုံးသပ်ပြီး ဆင်ခြင်ဖို့လိုတယ်။ အလကားနေရင်း ဗိုလ်ကျစိုးမိုးလိုစိတ်နဲ့ ဆရာလုပ်ချင်တဲ့ မိန်းကလေးမျိုး ကျတော့လည်း ဘယ်လောက်ပဲချစ်ချစ် ဘဝရဲ့ လက်တွဲဖော်အဖြစ် မရွေးချယ်သင့်ဘူးလေ။

ဒါကြောင့် မေမေက အချစ်ကို အကြိုက်နဲ့ယှဉ်တွဲပြီးမှ ဘဝအတွက် စဉ်းစားပါလို့ ပြောတာပေါ့သား။ သားမကြိုက်တဲ့ သူ့ရဲ့စရိုက်တွေအပေါ် သားတကယ့်ကို နားလည်ခွင့်လွှတ် သည်းခံနိုင်မှ ဖြစ်မယ်။ ဖြစ်နိုင်မှ ရှေ့ဆက်ပါကွယ်။

❐

အချစ်ဆုံးစာပေ

# ရှက်တတ်သလား ?

ရှက်တတ်တယ်ဆိုတာ မိန်းကလေးရဲ့ သဘာဝတစ်ခုပါပဲ သားရေ။ အရှက်ကင်းမဲ့လို့ကတော့ ဘယ်မှာ မိန်းကလေးသိက္ခာ ရှိပါတော့မလဲ။ ဒါကြောင့် ရှက်တတ်တာဟာ အပြစ်မဟုတ်ပါဘူး။

ဒါပေမယ့် အရှက်ကြီးလွန်းရင်တော့လည်း တိုးတက်ပြောင်းလဲနေတဲ့ ဒီနေ့ခေတ်ရဲ့ အဝေးကြီးမှာ ကျန်နေရစ်ခဲ့မှာပဲသား။ အရှက်ကို မေမေ နှစ်မျိုးခွဲပြောချင်တယ်။

မဝံ့မရဲစိတ်နဲ့ ရှက်တတ်ခြင်းဟာ သတ္တိနည်းခြင်းကြောင့် ဖြစ်တယ်။ ကိုယ့်ကိုကိုယ် ယုံကြည်စိတ်ချမှုမရှိခြင်းလည်း ဖြစ်တယ်။ လူတောထဲ သွားရလာရမှာ ရှက်ရွံ့နေရင် လူရာဘယ်ဝင်ပါတော့မလဲသား။ ဒါဟာပြုပြင်လို့ရတဲ့ အချက်ဖြစ်လို့

သားရဲ့လက်တွဲဖော်မှာ ပြင်စရာလိုရင် ပြင်ပါစေ။ ရဲစိတ်ကို မွေးကျင့်ပေးလိုက်ပါ။

တစ်ခုတော့ရှိတယ်။ ကိုယ့်အားနည်းချက်ကို လူသိမြင်မှာစိုးလို့ အရှက်နဲ့ ဖုံးဖိထားတာမျိုးတော့ မဖြစ်သင့်ဘူး။ ဒါကို သားအဖြေရှာတတ်ဖို့ လိုတယ်။

တချို့ကျတော့ ကိုယ့်ကိုယ်ကို ဂုဏ်ဖော်ရမှာရှက်တာ၊ သူတစ်ပါးကို အကူအညီတောင်းခံရမှာရှက်တာ။ ဒါဟာ ရိုးသားလွန်းခြင်းရဲ့ လက္ခဏာတွေပေါ့၊ ချစ်စရာကောင်းပေမယ့် ပြုပြင်ယူသင့်တဲ့ အချက်တွေပဲ။ ပြောမှသိမယ့်လူတွေကို ပြောကို ပြောရတတ်တယ် သားရေ။ ဒါတွေဟာ ရှက်စရာ မဟုတ်ကြောင်း သားဖျောင်းဖျရလိမ့်မယ်။

နောက်အရှက်တရားတစ်ခုကတော့ ဂုဏ်သိက္ခာကြောင့်ပါ။ ကိုယ့်ဂုဏ်သရေကို ထိခိုက်ပွန်းပဲ့မှာ အစိုးရိမ်ကြီးလွန်းသူတွေပေါ့ကွယ်။ ကိုယ့်ဘဝနဲ့ မအပ်စပ်ဘူးလို့ ယူဆတဲ့ သူတွေကို ပေါင်းသင်းဆက်ဆံရမှာ ရှက်တာမျိုး၊ ဟိုနေရာ သည်နေရာသွားရင် သိက္ခာကျဆင်းသွားမယ် တွေးပြီး ရှက်တာမျိုးပေါ့။

အဆင့်အတန်း ခွဲခြားလွန်းပြီး မာနကြီးတဲ့ မိန်းကလေးရဲ့ စရိုက်မျိုးမို့ မေမေကတော့ မနှစ်သက်ဘူးသား။ ဒီလို မိန်းကလေးမျိုးကိုသာ သားရဲ့ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်

ခဲ့ရင် ရွှေဘုံပေါ်တင်ထားနိုင်မှ ဖြစ်လိမ့်မယ်။ လူတွေ ဝေဖန်ကဲ့ရဲ့မှာ သိပ်အစိုးရိမ် ပိုတတ်တာကြောင့် သူ့အရှက်ကို ကာကွယ်ရင်း သူ့အလိုကို အမြဲသားလိုက်နေရမှာ။ ဖြစ်နိုင်ပါ့မလား သားရေ။

❐

အချစ်ဆုံးစာပေ

# အစွဲအလမ်းကြီးသလား ?

ဒီမေးခွန်းလေးက အရေးမကြီးသလိုနဲ့ အရေးကြီးပါတယ် သားရေ။ သတိထားပြီး အဖြေရှာတတ်ပါစေ။

တချို့မိန်းကလေးတွေဟာ သိပ်ကို အစွဲအလမ်းကြီးကြတာ။ ကြိုက်မိရင်လည်း တမ်းတမ်းစွဲပဲ။ ချစ်မိရင်လည်း မခွဲနိုင်မခွာရက်ပဲလေ။ သစ္စာကြီး အချစ်ကြီးလွန်းသူတွေပေါ့။ အရှုံးအမူး ချစ်တတ်ကြတဲ့ မိန်းမလေးမျိုးမို့ သားဘက်က သိပ်ကို ဆင်ခြင်သတိထားရလိမ့်မယ်။

ဒီလိုမိန်းကလေးမျိုးကို သားချစ်သူအဖြစ် ရွေးချယ်ခဲ့ပြီးလို့ကတော့ နောက်ဆုတ်ပယ်ဖျက်ဖို့ မလွယ်ဘူးသား။ သူက အချစ်အတွက် ဘဝပဲပျက်ပျက် အသက်ပဲ ထွက်ထွက် ဆိုတာမျိုး။ သံယောဇဉ်ကလည်း ကြီးလွန်းတော့ ဖြတ်ဖို့

သိပ်ခက်တယ်။ သူ့မှာ သားမနှစ်သက်တဲ့ ချို့ယွင်းအားနည်းချက်တွေ ဘယ်လိုပဲရှိနေပစေ။ သားပြုပြင်နိုင်သလောက် ပြုပြင်ဖို့ကလွဲပြီး လက်တွဲဖြုတ်ပစ်လို့ မဖြစ်ဘူး။

ဒါကြောင့် သားအနေနဲ့ မိန်းကလေးတစ်ယောက်ကို ဘဝလက်တွဲဖော်အဖြစ် မဆုံးဖြတ်မီ ချစ်သူဘဝမရောက်မီကတည်းက အကဲခတ်လေ့လာသင့်တယ်သား။ မေမေ ပြောပြီးပြီ။ ယောကျ်ားဆိုတာ ပိုပြီး ကတိသစ္စာမြဲရမယ်။ နှစ်နာစရာရှိရင် မိန်းကလေးဘက်က ပိုထိခိုက်ရတတ်တယ်။

အဖြေရှာရတာ သိပ်မခက်ပါဘူးသားရယ်။ အစွဲအလမ်းကြီးတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဘဝဟာ သိသာပါတယ်။ သူဟာ တစ်စုံတစ်ရာကို စွဲစွဲမြဲမြဲယုံကြည်တတ်တယ်။ တစ်နေရာတည်းမှာ ကျောက်ချနေတတ်တယ်။ အလုပ်တစ်ခုကို တစ်စိုက်မတ်မတ် လုပ်တတ်တယ်။ အပြောင်းအလဲမများဘူး။ ဒါကြောင့် သူ့ရဲ့ဘဝဟာလည်း အောင်မြင်ထူးချွန်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်လေးတော့ ရှိနေတတ်တယ်။

ဒီတော့ ဒီလို မိန်းကလေးမျိုးကို သားရွေးချယ်မယ်ဆို ရွေးချယ်လို့ ရပါတယ်။ သူ့ရဲ့ အခြားသောလိုအပ်ချက်တွေကို သားခွင့်လွှတ်နားလည်ပေးနိုင်မယ်။ ပြုပြင်ဖြည့်စွက်ပေးနိုင်မယ် ဆိုရင်ပေါ့။

အချစ်ဆုံးစာပေ

တစ်ခုတော့ရှိတယ်။ သူ့အစွဲအလမ်းကြီးမှုဟာ ကိုယ့်ဘဝ တည်ဆောက်ရေး ယန္တရားမှာ အနှောင့်အယှက်ဖြစ်မလာစေဖို့ပဲ။ အရူးအမူးစွဲလမ်းတတ်သူရဲ့ ရူးသွပ်မှုကို သားခံနိုင်ရည် ရှိဖို့လည်း လိုလိမ့်မယ်နော်။

❐

အချစ်ဆုံးစာပေ

# ဘာသာတူရဲ့လား ?

သိပ်ကိုအရေးပါတဲ့ မေးခွန်းပါပဲ။ အဖြေမှာ ကြက်ခြေမဖြစ်ပါစေနဲ့။ ပြည့်ဝတဲ့သာယာချမ်းမြေ့မှုကို ဘယ်လိုနည်းနဲ့မှ မရနိုင်တာမို့ ဆင်ခြင်တုံတရားနဲ့ ထိန်းချုပ်တတ်ပါစေ။

မေမေတို့တိုင်းပြည်မှာ ဘယ်ဘာသာတရားကိုမဆို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိတယ်။ သားရဲ့ ပတ်ဝန်းကျင်မှာ ဘာသာမတူတဲ့ မိန်းကလေးတွေ အများကြီးရှိနေမှာပဲသား။ ဒီတော့ မိန်းကလေးတစ်ယောက်ကို စတင်စိတ်ဝင်စားမိတာနဲ့ သူ့ရဲ့ဘာသာကို အရင်လေ့လာပါ။

ဘာသာအယူဝါဒတိုင်းဟာ ကိုးကွယ်ယုံကြည်သူတွေအပေါ် ယဉ်ကျေးလိမ္မာအောင် သင်ကြားပေးကြတာချည်းပါ။ ဘယ်ဘာသာကမှ ပိုကောင်းတယ်ဆိုတာမျိုး မရှိပါဘူး။ ဘယ်ဘာသာကိုမှလည်း အထင်သေးစော်ကားခြင်းမပြုပါနဲ့

အချစ်ဆုံးစာပေ

သား။ ဒါပေမယ့် ဘဝရဲ့ လက်တွဲဖော်အနေနဲ့ကတော့ ဘာသာမတူသူကို သား လုံးဝ မရွေးချယ်ပါနဲ့။ မေမေ တင်းကျပ်စွာ တားမြစ်တယ် သားရေ။

ဘာသာအယူဝါဒတစ်မျိုးစီမှာ ရှိနှင့်ထားပြီးကြတဲ့ ဓလေ့ စရိုက်၊ အလေ့အထ၊ အကျင့်အကြံနဲ့ ကိုးကွယ်ယုံကြည်မှုတွေ ဟာ ဘယ်လိုမှ ရောယှက်ပေါင်းစပ်လို့ မရနိုင်ပါဘူး။ တချို့ လူတွေပြောကြသလို သူလည်း သူ့ဘာသာကိုးကွယ်၊ ကိုယ် လည်း ကိုယ့်ဘာသာကိုးကွယ်၊ လက်တွဲလို့ဖြစ်တယ်ဆိုတဲ့ မှားယွင်းတဲ့ အားပေးမှုကို သားလက်မခံမိစေနဲ့။

ဘဝတစ်သက်တာအဖြစ် လက်တွဲကြဖို့ ထိမ်းမြားမင်္ဂလာ ဆင်ယင်တာကအစ အကွဲကွဲအပြားပြား အယူအဆ၊ ထုံးတမ်း စဉ်လာ၊ အလေ့ အထတွေနဲ့ ဒုက္ခရောက်ရမှာ။ မိဘတွေလည်း ရင်ကွဲ။ တစ်ဖက် နဲ့ဘစ်ဖက် ပဋိပက္ခတွေဖြစ်၊ စွန့်လွှတ်ခြင်းတွေ ခံယူရ၊ ဘယ်မှာ ကြည်နူးပျော်ရွှင်စရာ ကောင်းနိုင်ပါ့မလဲကွယ်။

တယူသန် ဇွတ်တိုးခဲ့ကြတဲ့ အိမ်ထောင်ရေးတွေကို သား လေ့လာကြည့်ရင် အဖြေသိပါလိမ့်မယ်။ နေနှစ်စင်း တစ်ပြိုင် တည်း မလင်းစကောင်းပါဘူးသားရေ။ ကိုယ်နှစ်ဦးအတွက် မကြည့်လေနဲ့။

ဘဝအတွက် လက်တွဲလိုက်ပြီဆိုမှတော့ သားသမီးတွေ ရလာတော့မယ်။ ဘယ်ဘာသာကို သွတ်သွင်းမှာလဲ။ အတိုက် အခံ ဖြစ်ရတော့မယ်။ အိမ်မှာရော ဘယ်ဘုရားစင်ကို နေရာ

ပေးမှာလဲ။ တွေးမနေပါနဲ့ သားရေ။ စောစောစီးစီး နောက်ဆုတ်လိုက်ပါ။ ဘာသာတရားကို ကြည်ညိုလေးစားမှုမရှိသူတွေရဲ့ မိုက်မဲမှုမျိုးဟာ မေမေ့သားနဲ့ ဘယ်လိုမှ မအပ်စပ်ပါဘူး။ မေမေလည်း စိတ်မရှုပ်ပါရစေနဲ့နော်။

❐

အချစ်ဆုံးစာပေ

နောက်ကြောင်းရှင်းရဲ့လား ?

အချစ်ဆုံးစာပေ

သိပ်အရေးကြီးတဲ့ မေးခွန်းဖြစ်တယ်သား။ လွယ်လွယ်လေးနဲ့ မတွေ့နိုင်တဲ့ အဖြေလည်း ဖြစ်တတ်တယ်။

သားရွေးချယ်မယ့် လက်တွဲဖော်ဟာ သားရဲ့ သူငယ်ချင်းလား။ ဘယ်တုန်းကစတွေ့ကြတာလဲ၊ သားရဲ့ လုပ်ဖော်ကိုင်ဖက်လား၊ သူ့မိဘက ဘယ်သူတွေလဲ၊ ဘာလုပ်ကြတာလဲ၊ သူတို့ဘယ်ဇာတိလဲ၊ သူကရော နောက်ကြောင်းရှင်းရဲ့လား။

မေးခွန်းတွေအများကြီးပဲသားရေ။ ဖြေနိုင်အောင် ကြိုးစားပေတော့။ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ထဲထဲဝင်ဝင်မသိဘဲ အဲဒီမိန်းကလေးကို ဘဝတစ်သက်တာ လက်တွဲဖော်အဖြစ် မရည်ရွယ်လိုက်လေနဲ့။

အချစ်ဆုံးစာပေ

မေမေတွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေ အများကြီးရှိတယ်။ ဘဝဟာ လူနဲ့မလိုက်အောင် ညစ်ထေးနေသူလေးတွေ၊ ဘဝကို ရေစုန်မျှောထားသူလေးတွေ၊ အားကိုရာရှာရင်း ဘဝပျက်ခဲ့သူလေးတွေပေါ့။ သားမြင့်တတ်ဖို့ ခက်လိမ့်မယ်။ ဘာလို့လဲဆိုရင် သူတို့က ဟန်ဆောင်ဖုံးဖိမှုပညာမှာ တော်လွန်းကြတာမို့ပဲ။ ဆွဲဆောင်တတ်တဲ့နေရာမှာလည်း သူတို့ကကျွမ်းကျင်ကြတယ်။

သားရေ ခုမြင်ခုကြိုက် ခုချစ်စကားပြော၊ ဘာမှမကြာဘဲ လက်ထပ်ကြ၊ စလယ်ဝင် ဖင်မမည်းခင် ကွဲကြဆိုတဲ့ အဖြစ်တွေ သားတွေ့မြင်ဖူးနေလောက်ပြီမို့ အထူးတလည် ရှင်းပြမနေတော့ပါဘူးနော်။ သားလည်း စဉ်းစားတတ်တဲ့အရွယ်ကို ရောက်နေပါပြီ။သားမမြင်လိုက်မှာစိုးတာကိုပဲ မေမေ သတိပေးချင်တာပါ။

နောက်ကြောင်း မခိုင်မာတဲ့ မိန်းကလေးမျိုးကို သားချစ်မိရင်တော့ အပင်ပန်းခံ အချိန်ယူပြီး စူးစမ်းပါသား။ တိတိကျကျ သိရမှ ယတိပြတ် ဆုံးဖြတ်ပါ။ အယုံမလွယ်မိပါစေနဲ့။ သဘောထားကြီးချင်ဟန်လည်း မဆောင်ပါနဲ့။ ကိုယ့်ကိုကိုယ် သေချာအောင် မေးခွန်းတွေမေးကြည့်ပါဦး။

မေမေကတော့ သူ့အကြောင်းကိုယ်သိ၊ ကိုယ့်အကြောင်း သူသိ၊ ကိုယ်နဲ့ လက်လှမ်းမီ အလှမ်းမဝေးတဲ့ ပတ်ဝန်းကျင်က မိန်းကလေး (ဒါမှမဟုတ်) ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက် ရင်းနှီးသူမိန်းကလေး (ဒါမှမဟုတ်) ကိုယ့်ငယ်ကျွမ်းဆွေ

မိန်းကလေးမျိုးကို သားရွေးချယ်သင့်တယ်လို့ ထင်တယ်။ နောက်ကြောင်းအေးမှ ရှေ့ရေးသာယာနိုင်မယ် မဟုတ်လား သား။ နားလည်တယ်နော်။

❐

အချစ်ဆုံးစာပေ

# အသက်ဘယ်လောက်လဲ ?

သိပ်ကြီးလွန်းတော့လည်း သားကိုယ်သား အတော့်ကို ထိန်းထားရမှာ၊ အရမ်းငယ်လွန်းတော့လည်း သူ့ကိုသားက အတော့်ကို ထိန်းပေးရမှာ။ ရေရှည် ရင်မောဖို့ကောင်းတယ် သားရေ။ မလွန်ကျွံစေချင်ဘူး။ ဆင်ခြင်ကြည့်ပါ။

❐

အချစ်ဆုံးစာပေ

# သဝန်တိုတတ်လွန်းသလား ?

တကယ်တော့ သဝန်တိုတယ်ဆိုတာ အတ္တပါပဲသား။ ကိုယ်ချစ်တဲ့သူက ကိုယ့်ကိုမချစ်တော့ဘဲ တခြားသူတစ်ယောက် အပေါ် ပြောင်းလဲစိတ်ပါသွားမှာ စိုးရိမ်မှုပေါ့။ ချစ်တဲ့သူတိုင်း သဝန်တိုတတ်ကြစမြဲပါပဲ။ အပြစ်တင်လို့မရနိုင်တဲ့ ဖြစ်ရိုး ဖြစ်စဉ်တစ်ခုပေါ့၊

ဒါပေမယ့် တချို့မိန်းကလေးတွေကတော့ သိပ်လွန်ကဲကြ တယ် သားရေ။ အင်း မေမေ့သားလို ရုပ်ဖြောင့်ဖြောင့် ချစ်သူတစ်ယောက်ရှိထားတဲ့ မိန်းကလေးအတွက် မေမေ တွေးပြီး ရင်လေးမိသေးတယ်။ သူ့ခမျာ တစ်သက်လုံး ရင်ပူနေရရှာတော့မယ်။

ဒီနေရာမှာ သားရဲ့ ဆင်ခြင်စွာနေထိုင်တတ်ခြင်း(ဒါမှ မဟုတ်) ကိုယ်မှန်ရင်ပြီးရော ဘယ်သူဘာပြောပြော နေထိုင်

တတ်ခြင်းဆိုတဲ့ နေထိုင်မှု အခြေအနေပေါ်မှာ မူတည်ပြီး သားသူ့အတွက် စဉ်းစားပါ။

ဆင်ခြင်ရမယ်ဆိုတာ တစ်ခဏကလေး မဟုတ်ဘူးနော်။ တစ်သက်လုံး ကိုယ့်ကိုယ်ကို ထိန်းချုပ်နေရမှာ၊ သားစိတ်ကျဉ်းကျပ်မှာ သေချာတယ်။ နေချင်သလိုနေလို့ တစ်ဖက်သား တစ်သက်လုံး ရင်ပူနေရမှာမျိုးလည်း မဖြစ်သင့်တာအမှန်ပဲ။

မေမေ နားလည်လက်ခံထားတဲ့အတိုင်း သားကို ပြောပြချင်တာတော့ရှိတယ်။ အဲဒါက ယုံကြည်မှုရဲ့အနက်အဓိပ္ပာယ်ပါ။ ယုံကြည်ခြင်းဟာ စိတ်ချမှုကို ဖြစ်စေတယ်လို့ မေမေ ပြောခဲ့ဖူးတယ်လေ။ ယုံကြည်ခြင်းဟာ ရဲရင့်မှုကိုလည်း ဖြစ်စေသေးတယ်။ ပြီးတော့ အားအင်တစ်ရပ်ကိုလည်း ဖန်တီးပေးတယ်။ ချစ်သူအပေါ် အမှန်တကယ်ယုံကြည်တဲ့ မိန်းကလေးဆိုတာ သဝန်တိုခြင်းနဲ့ စိတ်ဆင်းရဲ မနေတတ်ဘူးလို့ မေမေ မြင်တယ်။

ကိုယ့်ချစ်သူရဲ့ သစ္စာတရားကို ယုံကြည်တယ်ဆိုရင် သဝန်တိုမှုဟာ အစိုင်အခဲအဆင့်အထိ ရောက်လာစရာမလိုဘူးလေ။ နောက်တစ်ချက်က ကိုယ့်ကိုကိုယ်လည်း ယုံရဦးမယ်။ ကိုယ်လို မိန်းကလေးမျိုးကို သူစွန့်လွှတ်မှာမဟုတ်ပါဘူးဆိုတဲ့ ယုံကြည်မှုမျိုး ဖြစ်လာအောင် ကိုယ့်ဘဝကိုယ် ထုဆစ်တတ်သူလည်းဖြစ်ဖို့ လိုတယ်။

ဒါမှမဟုတ်ရင်တော့ သဝန်တိုမှုကနေ သံသယအထိ ဆင့်ပွားလာ၊ ပဋိပက္ခတွေ၊ မျက်ရည်တွေ၊ ရန်ပွဲတွေ၊ ကြေကွဲ

မှုတွေနဲ့ လမ်းခွဲကြရမှာပဲ။ တစ်သက်တာ လက်တွဲဖော်အဖြစ် ရွေးချယ်ရမှာနော်။ ယုံကြည်မှုမပါလို့ မဖြစ်ဘူး။ သားရဲ့ မိန်းကလေးမှာ ရှိကိုရှိရမယ့် အရည်အချင်းဖြစ်တယ်။ ရှိမှ ဖြစ်မယ်သား။

❒

အချစ်ဆုံးစာပေ

# စည်းကမ်းရှိရဲ့လား ?

ဒီမေးခွန်းလေးကို ရုတ်တရက်ကြည့်ရင်တော့ မေမေက အပေါင်းလက္ခဏာအဖြေကို လိုချင်မယ်လို့ သားထင်မှာပဲနော်။ မဟုတ်ဘူးသား။ မေမေလိုချင်တဲ့အဖြေကို သားနားလည်အောင် ရှင်းပြမယ်။

စည်းကမ်းဆိုတာ လူတစ်ယောက်ရဲ့ တန်ဖိုးကို ဖော်ညွှန်း ပြဆိုပေးနိုင်တယ်သား။ သားရဲ့ လက်တွဲဖော်ဟာ စည်းကမ်း မဲ့သူလား၊ စည်းကမ်းရှိသူလား၊ စည်းကမ်းကြီးသူလား၊ သား လေ့လာကြည့်ပါ။

မိန်းကလေးဖြစ်ပြီး စည်းမရှိကမ်းမရှိ ပစ္စလက္ခတ် နေတတ် သူဆိုရင်တော့ ဘယ်လောက် ပညာတွေတတ်တတ် တန်ဖိုး မရှိတာအမှန်ပဲ။

အချစ်ဆုံးစာပေ

စည်းကမ်းရှိတယ်ဆိုရာမှာလည်း တစ်နေ့ရာတည်းကိုကြည့်လို့ မရဘူး။ နေတာထိုင်တာကြည့်ရမယ်။ စားတာ သောက်တာ ကြည့်ရမယ်။ ဝတ်တာစားတာကြည့်ရမယ်။ အလေ့အကျင့်ကို ကြည့်ရမယ်။ ကြည့်တတ်ဖို့လိုတယ်သား။

ညှိသည်လာမှ ထရှင်းလို့ သန့်ပြန့်နေတဲ့ညှိခန်းကို ကြည့်ပြီး ဆုံးဖြတ်လို့မရသလိုပဲ။ မိန်းကလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲကို ပိုင်စိုးပိုင်နင်း ဝင်ကြည့် လေ့လာလို့လည်းမရဘူး။ ဒါကြောင့် အချိန်ယူပြီး အကဲခတ်ရမယ်။

စည်းကမ်းရှိတဲ့မိန်းကလေးဟာ အချိန်ကိုလေးစားတတ်လိမ့်မယ်။ အိမ်၊ ကျောင်း၊ ဈေး၊ အလုပ် သူ့နေရာနဲ့သူ ဝတ်တတ်စားတတ် ပြင်တတ် ဆင်တတ် လိမ့်မယ်။ ဝတ္တရားကို နားလည်မယ်။ တာဝန်ကိုသိမယ်။ သားရဲ့ လက်တွဲဖော်မှာ အဲဒီအကျင့်စရိုက်တွေရှိဖို့လိုလိမ့်မယ် သားရေ။ ဒါမှ တန်ဖိုးရှိတဲ့ မိန်းကလေးဖြစ်မယ်။

ဒါပေမယ့် သားသတိထားပါ။ စည်းကမ်းဆိုတာရှိရမှာဖြစ်ပေမယ့် တင်းကြပ်လွန်းအားကြီးရင်လည်း စိတ်ရောလူပါ မွမ်းကျပ်တတ်လေရဲ့။ မိန်းကလေးတစ်ယောက် ဘောင်ခတ်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအပေါ် သားတစ်သက်လုံး လိုက်နာနိုင်မှာလား။ ပညတ်ချက်တွေနဲ့ တုပ်နှောင်ထားတဲ့ ဘဝတစ်ခုမှာ သားနေပျော်နိုင်မှာလား။ စည်းကမ်းကြီးတဲ့ မိန်းကလေးတွေဟာ သူတို့ကိုယ်တိုင်

စည်းကမ်းတကျ နေတတ်ကြသလို တစ်ဖက်သားကိုလည်း စည်းကမ်းတွေထုတ်တတ်တယ်သားရေ။

သူ့ရဲ့စည်းကမ်းချက်တွေဟာ သူ့လိုလားချက်တွေ ဖြစ်နေပြီး သားရဲ့ဘဝနဲ့ လိုက်လျောညီထွေမရှိခဲ့ရင် သား လက်ခံလိုက်နာနိုင်ပါ့မလား။ သားက ဦးဆောင်တတ်တဲ့ ယောကျ်ားမျိုးလေ။ သားကိုစည်းကမ်းတွေသတ်မှတ် တင်းကြပ် ချုပ်ချယ်လာရင် သည်းခံနိုင်မှာ မဟုတ်ဘူး။ မေမေ စိတ်ပူတယ်သား။

ဒီတော့ သားရဲ့လက်တွဲဖော်ဟာ စည်းကမ်းမဲ့သူ၊ စည်းကမ်းကြီးသူ မဖြစ်စေဘဲ ကျင့်ဝတ်တာဝန်သိသူ ဖြစ်ဖို့သာ သားမျှော်လင့်ပါ။

❐

# ကျန်းမာရေးကောင်းရဲ့လား ?

ဒါလည်း အရေးကြီးတာပေါ့သား။ ကိုယ့်ဘဝတစ်သက်တာအတွက် လက်တွဲရမယ့် မိန်းကလေးဟာ ကျန်းမာရေးချို့တဲ့သူ မဖြစ်သင့်ဘူး။ သူ့မှာ မွေးရာပါဝေဒနာရှိမရှိ သားစူးစမ်းကြည့်ဦးနော်။

တချို့မိန်းကလေးတွေမှာ အိမ်ထောင်ပြုလိုက်ရင် ပိုထိခိုက်မယ့် ဝေဒနာမျိုးရှိတတ်တယ်။ တချို့ကျတော့ သားသမီးယူလို့မရဘူး။ သားရေ၊ မျိုးဆက်ဆိုတာ တကယ့်လိုအပ်ချက်ပါ။ အိမ်ထောင်ရေးသုခကို ဖန်တီးပေးနိုင်ဖို့ဆိုတာ ရင်သွေးရတနာလေးတွေရှိဖို့ လိုတယ်။

သိပ်ချစ်နေတုန်းမှာ မသိသာပေမယ့် ရေရှည်မှာတော့ အဲဒီချို့ယွင်းချက်အပေါ် သားငြီးငွေ့လာမှာပဲ။ အဲဒီအခါ

မလိုလားအပ်တဲ့ ပြောင်းလဲမှုတွေ ဖြစ်လာနိုင်တယ်သား။ မိန်းကလေးအတွက် ကြိုတွေးဆင်ခြင်ပါ။ တစ်ယူသန်မဆုံးဖြတ်ပါနဲ့။ တချို့ကျတော့လည်း အပင်ပန်းမခံနိုင်တာ၊ အမောမခံနိုင်တာ စတဲ့ အားနည်းသော ကျန်းမာရေးအခြေအနေတွေ ရှိတတ်တယ်။ ဘာကြောင့်ဖြစ်ရတာလဲဆိုတာ သား အဖြေရှာပါ။ အလေ့အကျင့်မရှိလို့ဆိုရင်တော့ လေ့ကျင့်ပေးနိုင်ပါတယ်။ ဝေဒနာကြောင့် ဆိုရင်တော့ သားဘဝနဲ့ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားပေါ့။

မိန်းကလေးတစ်ယောက်ကို ရွှေပေါ်မြတင် အလုကြည့်ထားနိုင်သည်အထိ သားဘက်ကဖြည့်ဆည်းပေးနိုင်သလား။ ဘဝကို မြင့်မားတိုးတက်အောင် ဆက်ပြီး လှုပ်ရှားရုန်းကန် တည်ဆောက်ရဦးမှာနော်။ ခိုင်မြဲနေပြီလို့ မဆိုနိုင်သေးတဲ့ ခုလိုအချိန်မျိုးမှာ သားဝန်ပိုမထမ်းသင့်ဘူး။

ကျန်းမာသန်စွမ်းခြင်းမရှိတဲ့ မိန်းကလေးတစ်ယောက်မှာ စိတ်ချမ်းမြေ့မှုလည်း အပြည့်အဝ မရှိနိုင်ဘူး။ အလိုမကျမှုတွေနဲ့ ဖွဲ့တည်ထားတဲ့ သူ့စိတ်ဆန္ဒတွေကို သားဖြည့်ဆည်းပေးနိုင်ဖို့ ခက်လိမ့်မယ်။ သားကလည်းစိတ်ရှည်ပါဦးမှ။ သားကိုယ်သား ဆန်းစစ်ဆုံးဖြတ်ပေါ့ကွယ်။

တစ်ခုတော့ရှိတယ်။ လူကျန်းမာရေးကောင်းပြီး စိတ်ဖိစီးမှုများနေတဲ့ မိန်းကလေးမျိုးဆိုရင်တော့ သားပူးပေါင်းအဖြေရှာကူညီပေးနိုင်ပါတယ်။ နှစ်ယောက်တစ်ဘဝ လက်တွဲတည်

ဆောက်ရာမှာ သူ့ရဲ့ ကိုယ်စိတ်နှလုံးသုံးပါးစလုံး အသုံးချနိုင်ဖို့ လိုတယ်။ တက်ကြွမှုရှိဖို့လိုတယ် သားရေ။

မေမေတို့တိုင်းပြည်မှာ တစ်သက်တာအတွက် လက်တွဲဖို့ အရေးမှာ ဗေဒင်မေးဖို့သာ စိတ်ထက်သန်ကြတယ်။ ဆေးစစ်ဖို့တော့ မစဉ်းစားတတ်ကြဘူး။ ဒီတော့ ကာယကံရှင်တောင် မသိနိုင်တဲ့ ကျန်းမာရေးချို့ယွင်းချက်တွေ ရှိနေနိုင်တာပေါ့။ နှောင်ဖွဲ့ပြီးတဲ့အချိန်မှာ နောက်ဆုတ်လို့ မဖြစ်နိုင်တော့ဘူးလေ။ သားရေ တတ်နိုင်သလောက်တော့ အချိန်ပေးပြီး စူးစမ်းစေချင်တယ်။ တိုင်ပင်သင့်သူနဲ့ တိုင်ပင်ဆွေးနွေးတတ်ပါစေ။

❐

အချစ်ဆုံးစာပေ

# အတေးအမှတ်ကြီးသလား ?

အချစ်ဆုံးစာပေ

သားရဲ့လက်တွဲဖော်ဟာ အတေးအမှတ်ကြီးတဲ့ မိန်းကလေးများ ဖြစ်နေမလား သားရေ။ အမှတ်သည်းခြေရှိတာ ကောင်းတဲ့စရိုက်ပါ။ ဒါပေမယ့် အညှိုးအတေးထားတတ်ရင်တော့ သားအတွက် ထည့်တွက်စဉ်းစားပေါ့။ ဒီစရိုက်ဟာလည်း ရုတ်တရက်မမြင်သာတာကြောင့် ရွေးချယ်မှုမှာ အချိန်ယူသတိထားဖို့ မေမေ ပြောနေရတာပေါ့။

သိသာထင်ရှားတာကတော့ သူတို့ဟာ မာနကြီးတဲ့ မိန်းကလေးတွေဆိုတာပဲ။ သူတို့ဟာ အဖြစ်အပျက်တစ်ခုအပေါ် ချက်ချင်းပေါက်ကွဲပြတတ်သူတွေ မဟုတ်ဘူး။ မြိုသိပ်ဖုံးကွယ်ထားပြီးမှ အကွက်ကောင်းစောင့် အလဲထိုးတတ်ကြတာ။ သူတို့ဟာ သွေးအေးတဲ့ မိန်းကလေးမျိုးပဲသား။

ဒီလိုမိန်းကလေးတွေဟာ ဟန်ဆောင်တတ်တယ်။ လိမ်ညာတတ်တယ်။ ရက်စက်တတ်တယ်။ ခံစားချက်တစ်ခုကို

လွယ်လွယ်နဲ့ မပြေနိုင်ကြဘဲ အာဃာတတရားကို လက်ကိုင်ထားတတ်ကြတယ်။ ကလဲ့စားချေတတ်တဲ့ မိန်းကလေးတွေပေါ့။

အချစ်ကြီးရင် အမျက်ကြီးတယ်တဲ့နော်။ ချစ်မိရင် အချစ်ကြီးသလောက် မုန်းမိရင်လည်း တူးတူးခါးခါးဆိုတာမျိုး။ သားသိပ်သတိထားရမှာ။ တော်တန်ရုံ စိတ်ဝင်စားမှုမျိုးနဲ့တော့ တစ်သက်လုံးအတွက် မစဉ်းစားလေနဲ့။

ဘာမဟုတ်တဲ့ အသေးအဖွဲ့လေးတွေကို တေးမှတ်စုထားပြီး အကွက်ဝင်လာတာနဲ့ ချက်ကျကျတုံ့ပြန်တတ်ကြတဲ့ သူတို့ရဲ့စရိုက်ဟာ နှစ်သက်ချင်စရာမကောင်းလှဘူးသား။ ဘဝတည်ဆောက်မှု အပိုင်းကဏ္ဍမှာလည်း သူ့ရဲ့အလေ့အကျင့်ဟာ သားစိတ်ရှုပ်ထွေးစရာ ဖြစ်လိမ့်မယ်။

အတေးအမှတ်ကြီးလွန်းတော့ သူ့မှာလည်း ပူလောင်နေမှာ။ အပူဟာကူးစက်လွယ်တယ်သား။ သားဘဝချမ်းမြေ့သာ ၁ ရှိနိုင်မှာ မဟုတ်ဘူး။

မေမေဆိုလိုတာက အမှတ်မထားသင့်ဘူး။ မေ့မေ့ပျောက်ပျောက် ရှိရမယ်။ အမြဲခွင့်လွှတ်သည်းခံနေရမယ်လို့ မဟုတ်ဘူးနော်။ အမှတ်သည်းခြေရှိတာ ကောင်းတာပေါ့။ ကိုယ့်အမှားကို ပြုပြင်နိုင်တာပေါ့။ ဘယ်သူက ကိုယ့်အပေါ် ဘယ်လိုရှိတယ်ဆိုတာသိရင် ဆင်ခြင်ပေါင်းသင်းနိုင်တယ်လေ။

မခံချင်စိတ်နဲ့ ကြိတ်ကြိုးစားရမှာ။ အညှိုးထားပြီး ကလဲ့စားချေနေဖို့ မလိုဘူး။ သားလည်းအမှတ်ရှိပါစေ။

ဘာကြောင့် အပြစ်တင်ခံရတယ်ဆိုတာသိရင် အပြစ်မရှိအောင် နေတတ်ရမယ်လေ။ သူ့အပြစ်ကို အကွက်ကောင်းစောင့်ဖမ်းပြီး တန်ပြန်ထိုးနှက်နေရင်တော့ ဘဝဟာ ပန်းဥယျာဉ်မဟုတ်ဘဲ လက်ဝှေ့ကြိုးဝိုင်းပဲဖြစ်လိမ့်မယ်။ ဘဝကို မပူလောင်စေပါနဲ့၊ သာယာပါစေသားရေ။

အချစ်ဆုံးစာပေ

# တကယ်ချစ်ရဲ့လား ?

ကဲ–ဒီမေးခွန်းလေးနဲ့ပဲ မေမေ ဒီစာအုပ်လေးကို အဆုံးသတ်လိုက်မယ်။ အရေးအကြီးဆုံး မေးခွန်းလေးမို့ အဖြေမှန်အောင် ဖြေတတ်ရမယ်နော် သား။

သားရွေးချယ်မယ့် လက်တွဲဖော်ဟာ သားအပေါ် တကယ်ချစ်သူဖြစ်ရဲ့လား။ 'ချစ်တယ်'ဆိုတဲ့ စကားနှစ်လုံးဟာ လွယ်လွယ်လေးသုံးလို့ရတဲ့ အများပိုင် ကြိယာတစ်ခုဖြစ်တာကြောင့် ဘယ်သူမဆို ပြောလို့ရတဲ့ စကားမျိုးပဲ။ စိတ်ထဲက ပါသလား၊ မပါသလားဆိုတာသာ သိဖို့လိုတာ။

တကယ်တော့ အချစ်ဆိုတာ ဆန်းကျယ်ပါတယ်သား။ ကမ္ဘာပေါ်မှာ သန်းပေါင်းများစွာသော လူသားတွေရှိတဲ့အနက် လူယောက်ျားတစ်ယောက်နဲ့ လူမိန်းမတစ်ယောက် ချစ်ကြတယ်ဆိုတာ အင်မတန်ဆန်းကျယ်တဲ့ ဖြစ်ရပ်ပဲ။

အဲဒီချစ်ကြတယ်ဆိုရာမှာ တကယ့်အချစ်စစ်ကိုရဖို့ ပိုပြီး ခက်တယ်။ အချစ်ဟာ အကြိုက်ကဆင်းသက်လာနိုင်တာမို့ ကြိုက်လို့ချစ်တာလည်းရှိတယ်။ နီးစပ်မှုကြောင့် စိတ်ဝင်စားပြီး ချစ်တာလည်းရှိတယ်။ သံယောဇဉ်ဖြစ်ပြီးမှ ချစ်သွားတာလည်း ရှိတယ်။ အကြောင်းအမျိုးမျိုးကြောင့် ချစ်ကြတာတွေဟာ အချစ်စစ် မဟုတ်ဘူးသားရေ။

အချစ်စစ်ဆိုတာ အကြောင်းပြချက်လုံးလုံးမရှိဘဲ ချစ်တာကို ဆိုလိုတယ်။ အဲဒီအချစ်မှာ မျှော်လင့်ချက်မပါဘူး။ ဘာကြောင့် ချစ်တာမှ မဟုတ်သလို ဘာလိုချင်လို့ချစ်တာမှမဟုတ်ဘူး။ ဥပမာ အားကိုးအားထားပြုချင်လို့ဆိုတာမျိုးပေါ့။ ဒါကြောင့် အချစ်စစ်ဆိုတာ ဖြူစင်တယ်၊ အေးမြတယ်၊ ကိုယ်က ရယူလိုခြင်းမရှိဘဲ အမြဲပေးဆပ်ဖြည့်ဆည်းပေးနေချင်တတ်တယ်။

သားကို သားရွေးချယ်မယ့်မိန်းကလေးက ဘယ်လိုများ ချစ်တာလဲ။ အမှတ်တမဲ့လား၊ တမင်တကာလား၊ စဉ်းစားပြီးမှ လက်ခံတာလား၊ လိုလိုချင်ချင် တုံ့ပြန်တာလား၊ သူ့သဘော ထား အမှန်က ဘယ်လိုလဲ။

သားလေ့လာအကဲခတ်ကြည့်တတ်ဖို့ လိုပါတယ်။ ဘဝ တစ်ခု လက်တွဲတည်ဆောက်တဲ့နေရာမှာ အချစ်မပါလို့ မပြီးပါဘူးနော်။ အဲဒီအချစ်အပေါ် အခြေခံပြီး အကြိုက်ချင်း စရိုက်ချင်း တိုက်ဆိုင်ညှိနှိုင်းကြရမှာ။ ဒါကြောင့်လည်း ချစ်နေ ရုံနဲ့ မပြီးသေးဘူးလို့ မေမေ ပြောခဲ့တာပေါ့။

အချစ်ဆုံးစာပေ

သားရေ တကယ်သာချစ်ပါစေ။ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ လေ့ကျင့်ယူခြင်းဆိုတာတွေကို အဲဒီအချစ်စစ်က လမ်းပြသင်ကြားပေးပါလိမ့်မယ်။ သား စိတ်ချမ်းမြေ့ရမှာပါကွယ်။

❐

အချစ်ဆုံးစာပေ

## သီးသန့်အမှာ

၁။ မိမိဘဝကို မိမိစိတ်တိုင်းကျပြီးမှသာ မေးခွန်းများကို ဖြေဆိုပါ။
၂။ မိမိကိုယ်တိုင် စိတ်အားထက်သန်စွာ ဖြေဆိုပါ။
၃။ အဖြေမှန်မမှန် သေသေချာချာ စစ်ဆေးပါ။
၄။ တိုင်ပင်ဆွေးနွေးသင့်သူထံမှာ အကူအညီယူပါ။
၅။ ယတိပြတ် အဖြေမရခင်မှာ ကတိမလွန်ပါစေနဲ့။
၆။ သမာသမတ်ကျကျ အဖြေရှာပါ။
၇။ မေးခွန်းများဖြေဆိုချိန်ဟာ အနည်းဆုံး (၁)နှစ် ရှိသင့်ပါတယ်။

အချစ်ဆုံးစာပေ

## သားအတွက် သီးသန့်စာစုများ

၁။ သားအတွက် ၅၇၇/၂၀၀၀ (၇)
၂။ သားအတွက် (၂) ၉၈၆/၂၀၀၀ (၉)
၃။ သားရွေးရမယ့် လက်တွဲဖော်

## သမီးအတွက် သီးသန့်စာစုများ

၁။ သမီးမှတစ်ဆင့် သမီးများဆီသို့
၂။ သမီးမှတစ်ဆင့် သမီးများဆီသို့ (၂)၄၄၂/၂၀၀၂(၅)
၃။ သမီးငယ်တို့ ရွေးချယ်တတ်ဖို့ ၁၀၆၄/၂၀၀၁(၁၀)
၄။ သမီးတို့အတွက် မျှော်လင့်ချက် ၂၄၁/၂၀၀၂ (၃)

## သမီးနှင့် သားအတွက် စာစုများ

၁။ မေမေပြောပြချင်တဲ့ လူတွေရဲ့အကြောင်း ၁၀၅၅/၂၀၀၀ (၁၂)
၂။ သမီး သား မှတ်ရန် အဘိဓာန် ၂၆၅/၂၀၀၁ (၃)
၃။ သားငယ် သမီးငယ် စကားကြွယ်စေဖို့ ၃၅၄/၂၀၀၁(၄)
၄။ မင်္ဂလာရှိသော ကလေးများဆီသို့ ၂၈/၂၀၀၁ (၁)
၅။ ကလေးတို့ သိမှတ်ဖွယ်ရာ တိရစ္ဆာန်စကားပုံများ
၆။ မေမေ့လမ်းညွှန် ၁၁၈/၂၀၀၁ (၂)
၇။ ကလေးတို့မှတ်ဖို့ စိတ်ဖတ်စာ ၁၆၉/၂၀၀၁ (၂)
၈။ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာ ၁၀၀၀/၂၀၀၁(၁၁)

အချစ်ဆုံးစာပေ

## လူငယ်လူရွယ်များအတွက်စာစုများ

၁။ အနာဂတ်ရိက္ခာ အတွေးစာများ ၂၃၄/၂၀၀၂ (၃)
၂။ မျက်နှာပန်းလှပါစေ ၃၅၀/၂၀၀၂ (၄)
၃။ ဘဝအိမ်လေးဆောက်ကြရအောင် ၉၂၄/၂၀၀၁ (၉)
၄။ အချစ်အကြောင်း ဆွေးနွေးရအောင် ၁၁၀၂/၂၀၀၁(၁၂)

## ကျောင်းသားများအတွက်

၁။ နမူနာပြ စာစီစာကုံးများ ၁၀၀၉/၂၀၀၀(၁၂)
၂။ ပြိုင်ပွဲဝင် စာစီစာကုံးလမ်းညွှန် ၂၈၀/၂၀၀၂(၃)
၃။ စကားပုံ စာစီစာကုံးများ ၉၁၇/၂၀၀၂(၁၀)
၄။ မြန်မာအထိမ်းအမှတ်နေ့ စာစီစာကုံးများ ၆၁၂/၂၀၀၂(၇)
၅။ ကမ္ဘာ့အထိမ်းအမှတ်နေ့စာစီစာကုံးများ ၁၁၆၀/၂၀၀၂(၁၂)

အချစ်ဆုံးစာပေ

## အချစ်ဒဿန စာစုများ

၁။ ချစ်သူမှသည် ချစ်သူဆီသို့ ၅၂၀/၁၉၉၉(၇)
၂။ သို့...မောင် ၄၈၃/၂၀၀၀ (၆)
၃။ မမရေ ၇၇၈/၂၀၀၀(၉)
၄။ အချစ်အလင်္ကာ ၁၄၆/၂၀၀၂ (၂)
၅။ အချစ်ဖြစ်ပါစေ ၁၂၉/၂၀၀၂(၂)
၆။ ချစ်ခြင်းတစ်ခုရဲ့ ဒိုင်ယာရီ ၁၂၇၆/၂၀၀၁(၁၂)
၇။ ပြောပါရစေမောင် ၁၁၆၁/၂၀၀၂(၁၂)
၈။ ကြေကွဲခြင်းလက်ဆောင် ၁၄၂၈/၂၀၀၁ (၁၂)
၉။ အချစ်ဥယျာဉ် ၆၈/၂၀၀၃ (၁)

## အခြားစာအုပ်များ

၁။ ရွက်နုကလေးများ ၁၀၅၆/၂၀၀၀(၁၂)
၂။ ဒိုင်ယာရီတစ်အုပ်ရဲ့ ခြေမဲ့လက်မဲ့ ရင်ခုန်သံများ
၄၄၁/၂၀၀၂ (၅)
၃။ အမေခေါင်းစဉ်အောက်သို့အဝင် ၁၀၆၈/၂၀၀၂ (၁၂)
၄။ ပန်းတို့၏ဝတ်ရည် ၃၂/၂၀၀၀(၁၀)
၅။ သတိ ဝင်္ငလိုက်တတ်သည်
၆။ အချစ်အကြောင်းပြောကြမယ် ၄၄၃/၂၀၀၂ (၅)